မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၃၇)

ပြည်-ပေါက်ခေါင်း ရထားလမ်းပိုင်းဆောင်ရွက်မှု ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကြည့်ရှုစစ်ဆေး ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက်တွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးမျက်နှာကျေးရွာရှိ တောင်သူဦးသိန်းထွန်း၏ နေကြာသီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူ တို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ် မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအား တို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက် နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက် သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံရေးလုပ်စားတဲ့ လူလည် နိုင်ငံရေးသမားတွေနဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို မလို လားတဲ့ နိုင်ငံခြားသားတွေရဲ့ နောက် မြီးဆွဲ ဩဇာခံဘဝကို ပြတ်ပြတ် သားသား စွန့်လွှတ်သွားရန်လည်း တိုက်တွန်း အကြံပြုချင်ပါတယ်။ အတွေးအခေါ် အယူအဆဟောင်း တွေကို စွန့်လွှတ်၊ ပကတိအဖြစ်မှန် တွေကို သိမြင်နားလည်ပြီး ပြည်သူ တွေရဲ့ လိုလားတောင့်တချက်အတိုင်း လျှောက်လှမ်းရမယ့်လမ်းကြောင်းကို ရွေးချယ်သင့်ပါပြီ။

စောဖိုးစီ၏ ဆောင်းပါး စာ-၈နှင့် ၉တွင် ဖတ်ရှုနိုင်ပါသည်။

မြေသားလုပ်ငန်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းရှိ အင်ငါးခွ ဘူတာနှင့် ပေါက်ခေါင်းဘူတာအကြားရှိ တောင်ဇင်းဝတောင် ရှုရပ်မှ တောင်ကြောဖြတ်မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ (၁၄)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အာဆီယံနိုင်ငံများသည် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းသွားလာလျက် ကုန်များ သယ်ယူပို့ဆောင်ကြမည်ဖြစ်သဖြင့် ယာဉ်များ သတ်မှတ်အရွယ်အစားရှိစေရန်၊ သတ်မှတ်အလေးချိန်ထက် ကျော်လွန်မှု မရှိစေရန်တို့အပြင် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်၊ နိုင်ငံတကာ ယာဉ်မောင်းသူတိုင်း နားလည်နိုင်မည့် လမ်းဘေးတွင် လမ်းညွှန် လမ်းအမှတ်အသားများ စိုက်ထူရန် တို့ လိုအပ်လာပါသည်။ ၁၉၉၉ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၌ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး အပါအဝင် သဘောတူ လက်မှတ်ထိုးထားသည့် အရေးကြီးသည့်အချက်များတွင် လမ်းဘေးဆိုင်းဘုတ်များ စိုက်ထူထားရမည်ဟူသော အချက်တစ်ချက် လည်း ပါရှိပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း
ဆောက်လုပ်ရေး
ဝန်ကြီးဌာန
စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း
(မြန်မာ့အလင်း)

14-2 (01).pmd 1 2/14/2010, 2:51 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်)

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လက်တွဲဖော်ဆောင်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အသက်နှင့်ထပ်တူ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းတည်ဆောက်သည့်နည်းတူ နယ်ချဲ့သမားတို့က တပည့်မွေးကာ လက်ကိုင်တုတ်များဖြင့် ပြည်ထောင်စုကြီးကိုဖြိုခွဲရန် ဖန်တီးလာမည့်အရေးကို သတိထားရှောင်ကြဉ်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားအပေါင်းသည် သမိုင်းအစဉ်အဆက် အေးအတူပူအမျှ နေထိုင်လာခဲ့ကြပြီး တိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်နှင့်စွမ်းအားသည် နိုင်ငံ၏အားဖြစ်သည်။ ခေတ်အဆက်ဆက် စည်းလုံးညီညွတ်သောပြည်ထောင်စုအဖြစ် ထာဝစဉ်ရပ်တည်နိုင်ရန် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ ပြည်တွင်း ပြည်ပ အဖျက်သမားအန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်တွန်းလှန်၍ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့ပေသည်။

နိုင်ငံတော်သစ်ကိုတည်ဆောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူတို့က တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပြီးဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်သည်။ နိုင်ငံသားတို့၏ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားအားလုံး ရည်မှန်းချက်ပန်းတိုင်သို့ သတိတရားရှိပြီး စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လက်တွဲဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၄)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဘဝရဲ့တန်ဖိုး**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၉)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **မျဉ်းကွေးတချို့၏ပုံပြင်** မန်းဝင်း၊ လန်ဒန်၊ စိန်သန်း ဒါရိုက်တာ-ဘုန်းမျိုးကျော်
- ၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၉)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၁၂)
- ၂၂။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂)



ရန်ကုန်တိုင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အတူ ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းမှူး**(အပေါ်ပုံ)**က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဦးသန်းဆွေ -ဒေါ်ခင်လှမြင့် သမီး မအေးအေးသန်း (၄၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ရေကြည်၌ ပညာရည်ချွန်ဆုအတွက် ပဒေသာပင်စိုက်ထူ

ရေကြည် ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဇရပ်လှရွာတွဲဖက်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ပညာထူးချွန် ကျောင်းသား ကျောင်းသူများအား နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲနှင့် တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ပေးနိုင်ရန်အတွက် ပုသိမ်တက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ(အငြိမ်းစား) ဦးခင်စိုးက မတည်လှူဒါန်းပြီး စေတနာရှင် အလှူရှင်များ ပူးပေါင်းပါဝင်လှူဒါန်းသည့် ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ပြောကြား

အလှူရှင်များကိုယ်စား မတည်အလှူရှင် အငြိမ်းစားတွဲဖက်ပါမောက္ခ ဦးခင်စိုး **(အပေါ်ပုံ)**က အလှူငွေကျပ် ၁၇၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးခင်ညိုက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ပညာရေး)

ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ (၄၆)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၉ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူအသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ အသင်းဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိန်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊ အသင်းအတွင်းရေးမှူးများဖြစ်သော ဦးအေးကျော် ဖုန်း-၀၉-၅၁-၅၈၂၄၃၊ ဦးအေးစန်း ဖုန်း-၅၂၅၅၇၉၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄၊ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀-၀၃၃၁၆တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ရန်ကုန်ရောက် ဇလွန်မြို့နယ်သူ မြို့နယ်သားများ အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

လုံခြုံချောမွေ့စွာ သွားလာနိုင်

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ သီရိမင်္ဂလာခုံးကျော် တံတားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ ဤခုံးကျော်တံတား တည်ဆောက်နိုင်ခြင်းကြောင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားရထားလမ်း၌ နေ့စဉ်ပြေးဆွဲနေသော အစုန်၊ အဆန်ရထားအစင်းပေါင်း ၃၀ နှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားသွား မော်တော်ယာဉ်များ၊ မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေးသွား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်း လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အတူ ဒေသခံပြည်သူများအနေဖြင့်လည်း ခုံးကျော်တံတားကြီးကို ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အတွင်းတွင် ပုသိမ်နှင့် မုံရွာလမ်းပေါ်ရှိ ယမားချောင်းတံတား၊ ကလေး-ကျီကုန်း လမ်းပေါ်ရှိ ဖောင်ကူးတံတား၊ တမူး-စေတီလမ်းပေါ်ရှိ တမူးတံတားကြီးများကိုလည်း ဆက်လက် တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဧရာဝတီမြစ်ကူးတံတား (စဉ့်ကူး-ကျောက်မြောင်း)ကို တည်ဆောက်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ လမ်းတံတားများ တည်ဆောက်ပေးမှုကြောင့် ဆက်သွယ်သွားလာမှုများ လွယ်ကူချောမွေ့လာသည်သာမက ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းမှ ကုန်စည်များ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ခြင်း၊ နယ်စပ်ဒေသမှ တစ်ဆင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လူမှုရေးစသည့် ဘက်စုံကဏ္ဍစုံ၌ ဟန်ချက်ညီညီ တစ်ပြိုင်တည်း တိုးတက်လာစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကြီးမားကျယ်ပြန့်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

တည်ဆောက်နိုင်

ငွေလုံးငွေရင်းများစွာဖြင့် ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့သည့် လမ်းများ၊ တံတားများကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ တိုးတက်ပြောင်းလဲလာသကဲ့သို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများကြားတွင်လည်း စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်လာနိုင်ပြီ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာနိုင်ရန် ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများကို တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

သီရိမင်္ဂလာ ခုံးကျော်တံတားသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း တိုးတက်ဖြစ်ထွန်းစေမှာဖြစ်သည့်အတွက် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု ဤတံတားကြီး ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သီရိမင်္ဂလာခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ဆောက်လုပ်ရေး)

မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ပိုမိုပြုလုပ်လာနိုင်ခြင်းများကြောင့် ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်လည်း မြင့်မားလာသည်ကို လက်တွေ့ခံစား သိရှိနေကြရပြီဖြစ်ကြောင်း။

စီမံဆောင်ရွက်ပေး

ယနေ့ဖွင့်လှစ်လိုက်သည့် သီရိမင်္ဂလာခုံးကျော်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ရတနာပုံတံတားကြီးကို ဖြတ်သန်းပြီး သီရိမင်္ဂလာခုံးကျော်တံတားမှ တစ်ဆင့် ဧယျာရွှေမြေ စစ်ကိုင်းတိုင်းသို့ ဝင်ထွက်သွားလာကြမည့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် စီမံဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများသည် ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ ရေရှည်တွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်တွင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က သီရိမင်္ဂလာခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ တံတားကို ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီရိမင်္ဂလာခုံးကျော်တံတားကို သံကူကွန်ကရစ် အုတ်မြစ်၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် ရက်မတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည်မှာ ၄၈၅ပေရှိသည်။

ယာဉ်သွားလမ်းအကျယ် ၄၈ပေရှိ လေးလမ်းသွားကားလမ်းနှင့် တစ်ဖက်လေး ပေစီအကျယ်ရှိ လူသွားလမ်းတို့ပါရှိကာ ရထားလမ်းကင်းလွတ်အကျယ် ၅၂ပေ၊ အမြင့် ၁၇ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

၁၇ စင်းမြောက်

သီရိမင်္ဂလာ ခုံးကျော်တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၂၃၆စင်းမြောက်တံတားဖြစ်ပြီး စစ်ကိုင်းတိုင်းအနေဖြင့် ၁၇စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်သည်။

ဧရာဝတီမြစ်ကူး ရတနာပုံတံတားကြီး၏ စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းသည် မန္တလေး - စစ်ကိုင်း - ရွှေဘို-မြစ်ကြီးနားကားလမ်းအဖြစ်နှင့် တံတားထိပ်မှ နှစ်မိုင်ခန့်အကွာတွင် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားရထားလမ်းသို့ လာရောက် တွေ့ဆုံသည့်အတွက် ယခင်က ရတနာပုံတံတားကြီးမှ ဆင်းလာသည့် ယာဉ်များသည် ရထားဖြတ်သန်းစဉ် စောင့်ဆိုင်းနေရကာ သွားလာမှုတွင် အချိန်ကြန့်ကြာ နှောင့်နှေးခဲ့ရသည်။

အချိန်ကုန်သက်သာ

ယခုကဲ့သို့ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ပေးခဲ့သည့်အတွက် ရတနာပုံတံတားကြီးပေါ်မှ ဆင်းလာသည့် ယာဉ်များသည် ရထားဖြတ်သန်းနေစဉ် စောင့်ဆိုင်းစရာမလိုတော့ဘဲ ယခုဖွင့်လှစ်သည့် ခုံးကျော်တံတားပေါ်မှ မုံရွာသို့လည်းကောင်း၊ ပခုက္ကူသို့လည်းကောင်း၊ ရွှေဘိုမှတစ်ဆင့် မြစ်ကြီးနားသို့လည်းကောင်း အချိန်ကုန်သက်သာစွာဖြင့် အန္တရာယ်ကင်းကင်းရှင်းရှင်း သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မည်ဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့အတွက်လည်း ခံ့ညားထည်ဝါပြီး ပနံရဂုဏ်တင့်တယ်စွာ တည်ရှိမည့် တံတားတစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထိန်းချုပ်နိုင်ရန်ဆောင်ရွက်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘော်ဒါဆောင်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်တွင် နောက်ထပ်လူနာနှစ်ဦး ဆေးရုံတက်ရောက်သဖြင့် ဆေးရုံတက်လူနာ စုစုပေါင်း ၄၉ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၌ နောက်ထပ်ပိုးတွေ့လူနာနှစ်ဦး ထပ်မံတွေ့ရှိကြောင်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ဘာသာရေးဆိုင်ရာ ကျောင်းတစ်ခု၌ ပိုးတွေ့လူနာနှစ်ဦးတွေ့ရှိသဖြင့် ဆေးရုံတင်ကုသပေးလျက်ရှိကြောင်း၊ အဆိုပါ ဘာသာရေးကျောင်း၌ နေထိုင်သူ ၁၉၇ဦးအားလည်း သီးခြားခွဲခြား ထားရှိကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

ပြည်သူလူထုအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၄-၂-၂၀၁၀) ရက်နေ့

နှင့်

(၂၈-၂-၂၀၁၀) ရက်နေ့

ရွှေနေကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကယ်ဒမီ ငါးဆုရ နှလုံးလှလူမိုက်ဝတ္ထုဖန်တီးသူ ရွှေနေစာရေးဆရာချစ်ကိုကိုယု၏ ရွှေနေလောက အတွေ့အကြုံများ စာအုပ်ထုတ်ဝေပြီးနောက် ကိုးအုပ်မြောက်အဖြစ် ရွှေနေကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများစာအုပ်ကို စိုးစာပေမှ မိုးကျော်၏ မျက်နှာဖုံးပန်းချီပုံဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

စိတ်ဝင်စားဖွယ်

ယင်းစာအုပ်တွင် ရွှေနေကြီးဦးနက်ကျော်နှင့် ဆိုင်းဘုတ်၊ ဖူးလေးပန်းဆိုးတန်း၊ အိုင်ကြီးသုသာန်လူသတ်မှု၊ ကြီးသမားတစ်ယောက်ရဲ့ အချစ်ခေါ်သံ၊ ပင်အိုထက်ကငှက်ဆိုးအော်သံ၊ အမျှ အစရှိသည့် ဝတ္ထုတို ၁၅ပုဒ်ပါရှိပြီး စာရေးသူ၏ ရွှေနေလုပ်သက် အတွေ့အကြုံများနှင့် ဘဝဒဿနများကို စရှုနယ်ကာ စိတ်ဝင်စားဖွယ် ခြယ်မှုန်းရေးသားထားသည်။

အဆိုပါစာအုပ်ကို စိုးစာပေ အမှတ်-၅၅(E) အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ် ၁၅၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ဖိတ်ခေါ်ပြိုင်ပွဲဆု

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် ရပ်ကွက်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ရက်မှ ၁၂ရက်အထိ ကျင်းပရာ ပြိုင်ပွဲ၌ ပထမရရှိသောအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဖွေးဖွေးမိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ ကိုအောင်မြတ်စိုးတို့က ဆုများချီးမြှင့်စဉ်။ (မြို့နယ် အား/ကာ)

ထူးခြားသည့် ညအပူချိန်

၁၃-၂-၂၀၁၀

ပူတာအိုမြို့	၆	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၆	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၆	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၇	ဒီဂရီစင်တီဂရိတ်

14-2 (03).pmd 1 2/14/2010, 2:51 AM

ပီရူး၌ မိုးကြီးပြီး ရေလျှံ အိမ်အလုံး ၂၀၀၀၀ ရေလွှမ်းခံရ

လီမာ ဖေဖော်ဝါရီ ၁၃

ပီရူးနိုင်ငံမြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် အိမ်အလုံး ၂၀၀၀၀ ထက်မနည်း ရေလွှမ်းပြီး အိမ် ၁၅၀ ပြိုကျပျက်စီးသွားကြောင်း ပီရူးမီဒီယာများတွင် ဖော်ပြထားသည်။

ဖော်ပြ

ပီရူးနိုင်ငံမြောက်ပိုင်း ထရူဂျီလိုမြို့တွင်လည်း မိုးများသည်းထန်စွာ ရွာခဲ့ကြောင်း၊ ဆေးရုံသုံးရုံ ရေလွှမ်းခံရကြောင်းနှင့် အချို့အဆောက်အအုံများမှာ အက်ကွဲသွားကြောင်း ထည့်သွင်းဖော်ပြထားသည်။

ရင်ဆိုင်နေရ

ပီရူးနိုင်ငံ လီဘာတက်ပြည်နယ် ထရူဂျီလိုရှိ လာအက်စ်ပီရင်ဇာ အယ်ပေါ ဗီနီယာနှင့် ဆာလာဗယ်ရီမြို့တို့တွင်လည်း ရေလွှမ်းမှုဒဏ်ကို အကြီးအကျယ် ကြုံတွေ့နေရသည်ဟု ဆိုသည်။

ထုတ်ပြန်

မိုးသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားဝမ်းရောဂါများ ဖြစ်ပွားနိုင်ကြောင်းလည်း ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့က သတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ပါဝမ်ပြည်နယ်၌ နှင်းထုကြီးများပြိုကျမှုကြောင့် လမ်းများပိတ်ဆို့ကာ နှင်းများဖုံးလွှမ်းမှု ဖြစ်ပေါ်နေသည်ကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်မြောက်ပိုင်းတွင် နှင်းဖုံး၊ မြေပြို သေဆုံးသူ ၁၅၀အထိ တိုးလာ

ကဘူးလ် ဖေဖော်ဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ပါဝမ်ပြည်နယ်၌ တောင်များနှင်းဖုံးပြီး မြေပြိုကျမှုဖြစ်ပွားရာ သေဆုံးသူဦးရေမှာ ၁၅၀ အထိတိုးလာခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဘာဆာက ပြောကြားသည်။

ကဘူးလ်မြို့ မြောက်ဘက်ကီလိုမီတာ ၉၀အကွာ အခင်းဖြစ်ပွားရာဒေသ၌ အာဖဂန်အမျိုးသားလုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဆေးဝါးကုသရေးအဖွဲ့ဝင်များက နှင်းထုများအောက်၌ ပိတ်မိနေသူများအား ရှာဖွေကာ ကယ်ဆယ်လျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဘာဆာက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် ဘလက်ဝါးတား ဝန်ထမ်းများ အီရတ်မှထွက်ခွာသွားရန် အမိန့်ပေး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံရှိ အမေရိကန်လုံခြုံရေး ကုမ္ပဏီကြီးဖြစ်သော ယူအက်စ် ဘလက်ဝါးတား ကုမ္ပဏီမှ ဝန်ထမ်းများ အီရတ်နိုင်ငံမှ ခုနစ်ရက်အတွင်း ထွက်ခွာသွားရန် အီရတ်ပြည်ထဲရေးဝန်ကြီးက အမိန့်ပေးလိုက်ကြောင်း အယ်အီရတ်ကီယာ ရုပ်မြင်သံကြားက ဖေဖော်ဝါရီ ၁၁ရက်တွင် ပြောကြားသည်။

အချိန်ပေး

အဆိုပါ လုံခြုံရေး ကုမ္ပဏီ ဘလက်ဝါးတားတွင် အလုပ်လုပ်နေသော အစောင့်တပ်ဖွဲ့ဝင်၂၅၀ခန့်ကို အီရတ်နိုင်ငံမှနှင်ထုတ်ထားကြောင်း၊ အီရတ်နိုင်ငံမှ အပြီးသတ်ထွက်ခွာရန် ခုနစ်ရက်အချိန်ပေးထားကြောင်းအီရတ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ယင်းအီရတ်ပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်များကို အယ်အီရတ်ကီယာ ရုပ်မြင်သံကြားအစီအစဉ်က ရည်ညွှန်း ဖော်ပြခြင်းဖြစ်သည်။

စွပ်စွဲ

ဘလက်ဝါးတားသည် အီရတ်နိုင်ငံရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများကို အကာအကွယ်ပေးရန် ငှားထားသည့် ပုဂ္ဂလိက လုံခြုံရေး ကန်ထရိုက် ဖြစ်သည်။ ဘလက်ဝါးတားသည် ဘဂ္ဂဒက်လမ်းများပေါ်တွင် အရှိန်အဝါသုံးရမ်းကားလွန်းသည်ဟု အီရတ်အစိုးရက စွပ်စွဲထားသည်။

တိုက်ခိုက်

လူစည်ကားသော နီဆာပန်းခြံတွင် ၁၇ဦး သေဆုံးခဲ့ရသည့် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၆ရက်က ဘလက်ဝါးတားအစောင့်တပ်သားများကလက်နက်မဲ့ အီရတ်ပြည်သူများအား စက်သေနတ်များ၊ လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သေးသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ယင်ချွမ်မြို့၌ နွေဦးရာသီပွဲတော်ကာလအတွင်း ကျားနှစ်ကို ကြိုဆိုသောအားဖြင့် သရုပ်ဖော်ပြသထားသည့်ပြကွက်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြန်စရန် တောင်ကိုရီးယားလိုလား

ဆိုးလ် ဖေဖော်ဝါရီ ၁၃

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည် ဖေဖော်ဝါရီ ၁၀ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ပထမအကြိမ်ရောက်ရှိစဉ် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်နှင့် တွေ့ဆုံသည်။

မျှော်လင့်

၎င်းတို့နှစ်ဦးတွေ့ဆုံစဉ် ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်စမည်ဟု မျှော်လင့်ပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုအရ ပါလက်စတိုင်းသို့ ဆက်လက်ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း အီမြောင်ဘတ်က ပြောကြားလိုက်သည်ဟု တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်ကတည်းက အမေရိကန်ဒေါ်လာ ၃၃သန်း ထောက်ပံ့ကူညီခဲ့ပြီး အစ္စရေးတို့ကျူးကျော်တိုက်ခိုက်ပြီးနောက် ယခင်နှစ်မတ်လက ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာနှစ်သန်းထောက်ပံ့ခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါးမှောင်ခိုသူ ၂၁ဦး ကိုလံဘီယာရဲတပ်ဖွဲ့ ဖမ်းဆီးထား

ဘိုဂိုတာ ဖေဖော်ဝါရီ ၁၃

မက္ကဆီကို မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများနှင့် ပူးပေါင်းသည်ဟု စွပ်စွဲခံရသူ ၂၁ဦးကို ကိုလံဘီယာရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၀ရက်တွင် ဖမ်းဆီးလိုက်ကြောင်း၊ ယင်းဖမ်းဆီးခံထားရသူများသည် အမေရိကန်နိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရန် လိုလားနေသူများဖြစ်ကြောင်း ကိုလံဘီယာ အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ထိုဖမ်းဆီးထားသူများသည် ကိုလံဘီယာနိုင်ငံ အနှံ့အပြား၌ စစ်ဆင်ရေးများ ပြုလုပ်ကာ နေရာအသီးသီးမှ တစ်ပြိုင်နက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာ အမျိုးသားရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အကူအညီ

ယင်းစစ်ဆင်ရေးကို အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ဒီအီးအေ)နှင့် ကိုလံဘီယာအစိုးရ ရှေ့နေရုံးတို့၏ အကူအညီဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု သိရသည်။

လွှဲပြောင်းပေး

ဖမ်းဆီးထားသူများကို အမေရိကန်နိုင်ငံသို့ ရက်သတ္တတစ်ပတ်လျှင် မူးယစ်ဆေးဝါး ခုနစ်တန်အထိ မှောင်ခိုရောင်းဝယ်မှု ပြုသည်ဟူသော စွဲချက်ဖြင့် လာမည့် ရက်များအတွင်း အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကိုလံဘီယာ ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့်ကော်စတာရီကာ လွတ်လပ်စွာကုန်သွယ်ရေး ဇဝရာခိုင်နှုန်း သဘောတူညီမှုရရှိ

ဆန်ဟိုဆေး ဖေဖော်ဝါရီ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကော်စတာရီကာနိုင်ငံတို့သည် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ)ဆိုင်ရာ ဆဋ္ဌမအကြိမ် ဆွေးနွေးပွဲကို ဆန်ဟိုဆေးမြို့၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

ဆွေးနွေး

သုံးရက်ကြာကျင်းပမည့် အဆိုပါဆွေးနွေးပွဲတွင် ဈေးကွက်အခွင့်အလမ်း၊ အခြေခံစည်းမျဉ်းနှင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်တို့ကဲ့သို့သော အကြောင်းအရာများကို အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်။ မိမိတို့အနေဖြင့် လွန်ခဲ့သည့်ဆွေးနွေးပွဲ ငါးကြိမ်၌ ဆွေးနွေးခဲ့သည့် အကြောင်းအရာ ဇဝရာခိုင်နှုန်းကျော်ကို သဘောတူညီချက် ရရှိထားပြီးဖြစ်ကြောင်း ယင်းကဲ့သို့ သဘောတူညီချက်ရရှိခြင်းသည် အခြေခံတိုးတက်မှုရရှိခြင်းဖြစ်သည်ဟု မိမိယူဆကြောင်းဖြင့် ကော်စတာရီကာ ပြည်ပကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဆွေးနွေးပွဲအစတွင် ပြောကြားသည်။

အလားအလာ

စီးပွားရေးအခြေအနေကောင်းသည့် မိမိတို့နိုင်ငံနှစ်နိုင်ငံသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံအချင်းချင်း လိုက်ဖက်သည့်နိုင်ငံများဖြစ်ကြောင်း၊ ဆက်လက်၍စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားနိုင်မည့် အလားအလာများရှိသည့်နိုင်ငံများလည်းဖြစ်ကြောင်း တရုတ်ဒုတိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဆွေးနွေးပွဲတွင် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာနိုင်ငံတကာလေဆိပ် အစ္စရေးတိုက်လေယာဉ်များတိုက်ခိုက်

ဂါဇာ ဖေဖော်ဝါရီ ၁၃

အစ္စရေးတိုက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ နိုင်ငံတကာလေဆိပ်ကိုပစ်မှတ်ထား၍ ဖေဖော်ဝါရီ ၁၀ရက်ညပိုင်းတွင် ညလုံးပေါက် စီးနင်းတိုက်ခိုက်ခဲ့သည်ဟု ပရက်စ်တီဗွီသတင်း၌ ဖေဖော်ဝါရီ ၁၁ရက်က ဖော်ပြသည်။

သေကျေပျက်စီး

အစ္စရေးတိုက်လေယာဉ်များသည် အဆိုပါဒေသသို့ ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။ သေကျေပျက်စီးမှုကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

(အင်တာနက်)

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ဒုတိယအကြိမ် ရခိုင်ပြည်နယ် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ ပြိုင်ပွဲကို ကြည့်ရှု အားပေးကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပသော ဒုတိယအကြိမ် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲသို့ ရောက်ရှိကြပြီး ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ဒေသထွက်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သစ်ခွပန်းမျိုးစုံနှင့် အလှပန်းများ ပြိုင်ပွဲဝင်ခင်းကျင်းပြသမှုနှင့် ဝန်ကြီးဌာန အရောင်းပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပထမအကြိမ် ရခိုင်ရိုးရာ အဝတ်အထည် ရက်လုပ်ပြိုင်ပွဲသို့ ရောက်ရှိကြပြီး စစ်တွေမြို့နယ်အတွင်းရှိ ရခိုင်ရိုးရာ ရက်ကန်းရက်လုပ်ကြသည့် ကျေးရွာများမှ ရက်ကန်းပညာရှင်များ၏ ပြိုင်ပွဲဝင်ရက်လုပ်နေမှုနှင့် ရိုးရာရက်ကန်း အထည်ဆိုင်၏ ရိုးရာအထည်ဒီဇိုင်းများကို ကြည့်ရှုအားပေးကာ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ရောင်းချလျက်ရှိသော အဝတ်အထည်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက္ကူနှင့် စာရေးကိရိယာများ၊ စတီးလ်အိမ်သုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်းအမယ် ၂၈၈မျိုး ရောင်းချမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ဝန်ကြီးဌာနများနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ပြခန်းပေါင်း ၂၁ခန်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ရက်အထိ စည်ကားစွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၅)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို တက္ကသိုလ်များခမ္မာရုံ၌ ဇန်နဝါရီ၃၀ရက်က ကျင်းပရာ အပူဇော်ခံဆရာကြီး ဆရာမကြီး ၂၆၄ဦး ရှိပြီး ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက မြတ်ဆရာတို့၏ဂုဏ်ကို ရည်စူး၍ အဖွင့်အမှာစကားပြောကြားပြီး ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်က ပူဇော်ပွဲ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တပည့်အပေါင်းတို့က ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ပေးအပ် လှူဒါန်းပြီး ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။ မြတ်ဆရာများကိုယ်စား ဒေါက်တာခင်ဇော်၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာဦးတိုးလှတို့က သြဝါဒစကားများပြောကြားပေးကြပြီး ကမ္ဘောဇဘဏ်မှလည်း ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေအတွက် ငွေကျပ်သိန်း ၆ဝနှင့် ဆရာကြီးဆရာမကြီးတို့အတွက် ပူဇော်ကန်တော့ငွေကျပ်၁၃၁၅၀၀၀၀ကို ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီတို့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင် ဖတ်ကြားစဉ်။ (ဝ၉၁)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၁၅-၂-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော်(ဓမ္မသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၂၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရ တေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ဆီဖူလုံရန် နှမ်းစိုက်ပါ) တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာ အလှကမ္ဘာ (နေရောင်ခြည်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာ သိကောင်းစရာ (ကျည်ဆန်ရထား)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၂၃) နိုင်ငံခြားရေးမူဝါဒရဲ့ လက်နက်ကိရိယာများ
၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (ရသုံးမှန်းခြေ စိစစ်-၂)
၁၂:၂၀ တေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ရူပဗေဒသင်ပြနည်း) တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ)
၁၇:၀၀ သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ခါးနာခြင်း)
၁၇:၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွှေးသီ တေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ရေဒီယို ဇာတ်လမ်းတွဲများ **ပြာလွင်ကမ္ဘာအခရာ** (ဇာတ်သိမ်းပိုင်း) နိုင်ငံရေးဦးတည်ချက်
၁၉:၄၀ ပြုံးပဒေသာ (ဟာသကမ္ဘာ-၇) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ဇာတ်ညွှန်းငြိမ်းမင်းနဲ့ ဒေါ်နန်းခင်အေး)
၂၀:၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါမဂ္ဂဇင်းတွင်မင်းယုဝေ၊ နောင်၊ ပျဉ်းမနားမြင့်လှိုင်၊ မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ သိပ္ပံစိုးမြင့်နိုင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ သတိုးနွယ်တို့၏ကဗျာများ၊ စောမုံညင်း၊ မောင်ပညာကျော်၊ တက္ကသိုလ်မြတ်သူ၊ ကေတုနီလာ၊ တက္ကသိုလ်တင်ခ၊ စိုးထက်ကျော်၊ ကျော်ဇင်(စာနယ်ဇင်း)၊ အောင်စိုး(တိ/ကုအမျိုးသားစာပေဆုရ)၊ သန်းထွန်း (စကု)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ နေဝင်းသန်း (ရွှေဘို)၊ ကိုပြည်(မြေလတ်)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ နော်လီကို(မကွေး)၊ စိုင်းခမ်းကော် (မိုင်းရယ်)၊ စံမြင့်(ပြန်/ဆက်)တို့၏ သုတဆောင်းပါးများ၊ လေးဝတီကျော်၏ ဘာသာပြန်ဆောင်းပါးများ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ရသဝတ္ထုတိုကဏ္ဍ၊ သိပ္ပံမောင်ဝ၏ ဂန္ထဝင်စာပေကဏ္ဍ၊ မောင်စိုးနွေ(သုံးဆယ်)၊ ပုဂံမွေးကြည်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ အောင်ရန်နိုင်(B.Sc)၊ စိုးအိမ်မှူး၊ လဝန်းခင်၊ ခတ်ပုံမောင်မောင်၊ ညွှန့်သစ်ဝေ(ဇေယျာ)၊ လူဘုန်းဦးတို့၏ ရသဝတ္ထုတိုများ၊ နန္ဒာမိုးကြယ်၏ ဗုဒ္ဓဝင်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ လေလှိုင်း၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ် ဆောင်းပါးကဏ္ဍ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီတို့၏ ကာတွန်းကဏ္ဍ၊ မောင်မီဒီယာနှင့် ကိုရွှေတောသား၊ ကေကေတို့၏ ဟာသကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စာမူများ၊ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်** တရားတော် ဒေါက်တာ နန္ဒမာလာဘိဝံသ
၇:၀၀ MRTV-4 သတင်း
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၁)
၈:၃၀ Sports World (Sunday Special)
၈:၅၅ Aureum Palace Resort (Ngwe Saung)
၉:၃၀ Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ
၁၀:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ

အမုန်းသမိုင်း

၁၀:၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဝေမိုး)
၁၁:၃၅ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ် ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို
၁၁:၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ
၁၂:၄၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၁:၀၀ **ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်** တရားတော် ဒေါက်တာ နန္ဒမာလာဘိဝံသ
၂:၀၀ MRTV-4 သတင်း
၂:၅၀ စကားနပန်း ယောကျ်ားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ ယောကျ်ားလေးတွေနဲ့ အရောမဝင်တာကောင်းတယ်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၁)
၄:၁၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၄:၃၅ Aureum Palace Resort (Ngwe Saung)
၅:၁၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ် ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Vancouver 2010 Olympic Winter Games
၇:၁၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၅ စကားနပန်း ယောကျ်ားလေးတွေနဲ့ အရောဝင်တာ ကောင်းတယ်၊ ယောကျ်ားလေးတွေနဲ့ အရောမဝင်တာကောင်းတယ်
၉:၂၀ ဗီဒီယိုပြခန်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၁)
၁၀:၀၅ FA Cup Preview
၁၀:၂၀ FA Cup (Crystal Palace Vs Aston Villa)
၁၂:၂၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ
၁၂:၅၅ အဏုဇီဝတွင်းထွက်ရတနာ
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Bolton- Tottenham	Star Sports (Live)
၉:၂၅	Fulham-Notts Country	ESPN(Live)
၁၀:၀၀	Crystal Palace- Aston Villa	Star Sports (Live)

JAVA ကို စနစ်တကျလေ့လာ၍ ကျွမ်းကျင်စွာ အသုံးချလိုသူများအတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် ပြည်တွင်းပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် Software Solution with JAVA သင်တန်းကို Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

လေ့လာရမည်

JAVA Programming Language သည် Software Industry ၌အသုံးများရုံသာမက နိုင်ငံတကာရှိ တက္ကသိုလ်များတွင်လည်း အဓိကဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် နိုင်ငံခြားသွားကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်သည်။ ယင်းသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generics, Annotations, Threading, Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်နှစ်ရက် တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်း အမှတ် ၂၆၊ ၁၄လမ်း(အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂နှင့် ၂၂၄၄၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာစိုး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (၁၃၇)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇန်နဝါရီ ၂၀ရက်က မင်းလှမြို့ ကျောင်းလမ်းနှင့် စာဖတ်ရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❐ ရွှေဖုံးမှ

ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းရှိ နည်းပညာတက္ကသိုလ်(ပြည်)ဘူတာယာဒ်ဝင်း တည်ဆောက်မည့်နေရာ၊ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းရှိ အင်ငါးခွဘူတာနှင့် ပေါက်ခေါင်း ဘူတာအကြားရှိ တောင်ဇင်းဝ တောင်ရှုရပ်မှ တောင်ကြောဖြတ်မြေသား လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပေါက်ခေါင်းဘူတာယာဒ်ဝင်း တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား၍ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် အဖွဲ့ဝင်များသည် ပြည်-ပေါက်ခေါင်းလမ်းပိုင်း၌ ကတ္တရာခင်းခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ကြက်မနစ်စခန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေး၍ လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် အဖွဲ့ဝင်များသည် ပြည်-ပေါက်ခေါင်း- တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း၏ မိုင်တိုင်(၉၄/၇)မှ (၉၅/၀)အထိ ကတ္တရာရေပိတ်လွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်(၁၀၅/၆)မှ (၁၀၇/ ၃) အထိ ကတ္တရာလောင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း အားကစားကော်မတီနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အပြည်ပြည်ဆိုင်ရာ စစ်တုရင်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၈ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်။

သတ်မှတ်

ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး တစ်ပြိုင်နက်တည်း အရောပုံစံဖြင့် ပြုလုပ်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲတွင် ရရှိခဲ့သော တစ်ဦးချင်း အဆင့်ပေါင်း ရလဒ်ကို အသင်းလိုက်အဆင့်အဖြစ် တွက်ချက်သတ်မှတ်မည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် အသင်းတစ်သင်းစီ ပါဝင်ခွင့်ရှိပြီး အသင်းလိုက်ပြိုင်ပွဲအတွက် အများဆုံး အားကစားသမား ငါးဦး (သို့မဟုတ်) အနည်းဆုံး လေးဦးဖြင့် ဖွဲ့စည်းနိုင်ပြီး အသင်းလိုက်ဖွဲ့စည်းပုံ အားကစားသမားအရေအတွက် မပြည့်မီပါက တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

စာရင်းပေးသွင်း

ပါဝင်ယှဉ်ပြိုင်မည့် အသင်းများသည် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံ သုံးစုံတွင် သက်ဆိုင်ရာ မြို့နယ်အားကစားမှူး၏ လက်မှတ်၊ တံဆိပ်တုံးအပြည့်အစုံရေးသွင်းလျက် ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ ***(စစ်တုရင်အဖွဲ့ချုပ်)***

အားမာန်သစ်ထော်လာဂျီ

Ever Smile Group က တင်သွင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းတုံးပြည်နယ် ကျင်တောင်းမြို့ ဝူကျင်းစက်ရုံမှ ထုတ်လုပ်သည့် စတက်တာ မော်တာပါ ဆီစားသက်သာ၍ အသံငြိမ် တစ်လုံးထိုး အင်ဂျင်တပ်ဆင်ထားသည့် အားမာန်သစ်

ထော်လာဂျီယာဉ်**(အပေါ်ပုံ)**ကို မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Ever Smile Group က တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။

အသုံးပြုနိုင်

အဆိုပါယာဉ်သည် တောင်ပေါ်မြေပြန့် ဒေသမရွေးမောင်းနှင်နိုင်ပြီး ဟိုက်ဒရောလစ်ဘော်ဒီ(Dump Body)တပ်ဆင်ထားသည်။ ယာဉ်အပိုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ လယ်ယာလုပ်ငန်းတွင် အသုံးပြုနိုင်ပြီး တောင်ပေါ်ဒေသနှင့်မြို့များတွင် ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းနှင့် အထွေထွေပစ္စည်း တင်ဆောင်ခြင်းတို့တွင် အသုံးပြုနိုင်သည်။

ယင်းယာဉ်သည် အရှည် ၁၆ပေကျော်၊ အကျယ် ခြောက်ပေကျော်၊ အမြင့် ၇ပေ ၆လက်မနှင့် ရှေ့နောက်ဘီးအကွာအဝေး ၉ပေ ၈လက်မရှိသည်။ ဝန်တင်အားမှာ တစ်တန်မှ ငါးတန်အထိ တင်ဆောင်နိုင်သည်။ အင်ဂျင်အမျိုးအစားမှာ L 1125 ဒီဇယ်တစ်လုံးထိုး အင်ဂျင်ဖြစ်၍ မြင်းကောင်ရေ (H.p) ၂၅ကောင်အားရှိသည်။ အမြန်နှုန်းမှာ အများဆုံး တစ်နာရီလျှင် ကီလို ၆၀ရှိပြီး ဂီယာမှာ Transfer Gear ပါရှိကာ အတက်အဆင်း လွယ်ကူစွာမောင်းနှင် အသုံးပြုနိုင်သည်။

ဝူကျင်းစက်ရုံမှ ထုတ်လုပ်သည့် လယ်ယာသုံးယာဉ် အမျိုးမျိုးကို အမေရိကနှင့် အာရှတိုက်ရှိ နိုင်ငံပေါင်း ၅၀သို့ တင်ပို့ရောင်းချလျက်ရှိသည်။ အားမာန်သစ်ထော်လာဂျီယာဉ်ကို ကြိုက်နှစ်သက်ရာ အရောင်ရွေးချယ်၍ တစ်နှစ်အာမခံချက်ဖြင့် ဝယ်ယူနိုင်ပြီး ပြုပြင်ထိန်းသိမ်းရန်အတွက် ဆားဗစ်စင်တာရှိသည်။ ဝယ်ယူသုံးစွဲသူများအတွက် အကြွေးအရစ်ကျငွေချေစနစ်ကို နည်းလမ်းသုံးခုဖြင့် ရောင်းချပေးလျက်ရှိသည်။ ယာဉ်၏တန်ဖိုးမှာ ငွေကျပ် ၈၂သိန်းဖြစ်သည်။

ဆက်သွယ်နိုင်

ဝယ်ယူရရှိလိုပါက ယာဉ်ထုတ်လုပ်သည့်စက်ရုံ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်း အမှတ်၂၂၉၊ အရောင်းပြခန်း(၁)ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး အမှတ် ၃၈၁၊ အရောင်းပြခန်း(၂) ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင်လမ်းမကြီး အမှတ် ၄၂၃ ဖုန်း-၂၁၇၃၇၉၊ ၂၂၄၇၆၅၊၂၂၀၅၀၂၊ ၆၈၂၈၁၄၊ ၀၉-၈၆-၅၀၁၄၄၊ ၀၉-၅၁-၃၅၃၈၀၊၀၉-၅၁-၃၈၂၂၃၊ ၀၉-၅၀-၃၀-၃၃၆၊ ၀၉-၈၀-၃၀၃၃၆နှင့် e-mail: soc-than 85 @gmail.com တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ နယ်ကိုယ်စားလှယ်ရလိုသူများလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၁၀ဦးမြောက် လက်မ ပြတ်တောက်လူနာအား အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

လက်မ၊ လက်ညှိုးပြတ်တောက်လူနာများ အစားထိုးခွဲစိတ်ကုသမှု အောင်မြင်ခြင်း ၁၀ဦးမြောက်ဖြစ်သည့် လက်မပြတ်သွားသောလူနာအား ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှုကို ဇန်နဝါရီ ၂၈ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်အရိုးရောဂါအထူးကု ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်၌ မြန်မာလက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

လက်မ ပြတ်သွားသောလူနာ ဦးမောင်မောင်စိုး အသက် ၄၀သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာတွင် မလေးရှားနိုင်ငံ၌ အလုပ်သွားရောက်လုပ်ကိုင်ရာမှ လွှစက်ကြောင့် ဘယ်ဘက်လက်မ ပြတ်တောက်ခဲ့ပြီး မလေးရှားနိုင်ငံတွင်ပင် ဗိုက်သား၊ တင်ပါးရိုးတို့ဖြင့် အစားထိုးခွဲစိတ်ကုသသော်လည်း မအောင်မြင်ခဲ့၊ ပုပ်သွားသောကြောင့် ပြန်လည်ဖြတ်တောက်ခဲ့ရသည်။

အောင်မြင်စွာဆောင်ရွက်

လူနာဦးမောင်မောင်စိုးသည် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ရန်ကုန်အရိုးရောဂါ အထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာခွဲစိတ်ဆောင်သို့ တက်ရောက် ကုသမှုခံယူခဲ့ရာ ဇန်နဝါရီ ၂၈ရက် နံနက် ၇နာရီခွဲတွင် မြန်မာလက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့က လူနာ၏ဘယ်ဘက်ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ညနေ ၃ နာရီခွဲတွင် ဘယ်ဘက်လက်မ အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ခွဲစိတ်ကုသမှုပြုလုပ်ရာတွင် တွဲဖက်ပါမောက္ခ/တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မောင်မြင့် ဦးဆောင်၍ လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန် ဒေါက်တာစောထွဋ်၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ဒုတိယနှစ် သင်တန်းသား လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန် ဒေါက်တာ ကျော်ဇေယျ၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးနှင့် လက်ထောက်ဆရာဝန် ဒေါက်တာဟန်ထွန်းအောင်တို့ ပါဝင်သောအဖွဲ့က လူနာနှင့်လူနာ၏ မိသားစုတို့နှင့်တိုင်ပင်၍ သဘောတူညီချက်ရယူပြီး ဘယ်ဘက်ခြေညှိုးဖြင့် အစားထိုးကုသမှု ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ပါဝင်ဆောင်ရွက်

ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် မေ့ဆေးတွဲဖက်ပါမောက္ခ/ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ခင်မျိုးသင်း၊ မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာအောင်ဌေးနှင့် ဒေါက်တာ တင်မျိုးမင်း၊ ပထမလက်ထောက် ဆရာဝန် ဒေါက်တာထွန်းလှမောင် အဖွဲ့နှင့် ခွဲစိတ်ခန်း တာဝန်ခံ အထက်တန်းသူနာပြု နော်ဖဲနေ၊ သူနာပြု ဒေါ်သူဇာမြင့်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ယခုအခါ လူနာ၏ လက်မမှာ သွေးလည်ပတ်မှုကောင်း၍ လှုပ်ရှားလာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၈ရက်က မင်္ဂလာ (၃၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျပ်သိန်း ၅၀တန်ဖိုးရှိ ရေသန့်စက်နှင့် အုတ်ရေကန် အလှူရှင် ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း ရွှေသပြေကုမ္ပဏီလီမိတက်တို့အား အထက (၄) သာကေတကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးက ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပီတ်အက်ဖ်အေ အားကစားသတင်း

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် ပို့စ်မောက်အနိုင်ရပြီး ကွာတားတက်

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၁၃

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ ပြိုင်ဘက်အသင်းများအား အသီးသီးအနိုင်ရခဲ့ကြပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်ထိပ်သီး ချယ်လ်ဆီးအသင်းနှင့် ကာဒစ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ အက်ဖ်အေဖလားလက်ရှိချန်ပီယံ ချယ်လ်ဆီးက ၂၀၀၈ခုနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲရောက် ကာဒစ်ကို ခြေစွမ်းပြကစားပြီး အောင်ပွဲခံလိုက်ခြင်းဖြစ်သည်။

အဖွင့်ဂိုး

ချယ်လ်ဆီးအသင်းတွင် ဒဏ်ရာရနေသော အက်ရှ်လေကိုးလ်နှင့် လူမှုရေးကိစ္စဖြင့် ဒူဘိုင်းသို့ ခရီးထွက်နေသော ဂျွန်တယ်ရီတို့မှလွဲ၍ အမာခံကစားသမားများ ပါဝင်ကစားခဲ့သည်။ ပွဲစလျှင် စချင်း ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက အဖွင့်ဂိုးသွင်းယူလိုက်သည်။ ယင်းဂိုးကို ကာဒစ်ကစားသမားချော့ပရာက ပွဲချိန် ၃၄မိနစ်တွင် ခေါင်းတိုက်ချေပဂိုး သွင်းယူခဲ့သည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုးကိုးလ်၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှုကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်းတွင် အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲချိန် ၅၁ မိနစ်မှာပင် မိုက်ကယ်ဘောလက်က ချယ်လ်ဆီးအတွက် ဒုတိယနှင့် အနိုင်ဂိုးကို စတင်သွင်းယူလိုက်သည်။ ယင်းဂိုးကြောင့် ချယ်လ်ဆီးကစားကွက် ပိုကောင်းလာသည်။ ပွဲချိန် ၆၉ မိနစ်တွင် ဒါနီရယ်စတာရစ်က ချယ်လ်ဆီးအတွက် တတိယမြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ပွဲချိန် ၈၆မိနစ်တွင် လူစားဝင်လာသူ ကာလူးက စတုတ္ထမြောက် ဂိုးသွင်းယူပြီးချယ်လ်ဆီးကို ကွာတားဖိုင်နယ် အရောက်ပို့ဆောင်ပေးခဲ့သည်။

ပို့စ်မောက်ခြေစွမ်းပြ

ပရီမီယာလိဂ်တွင် ရှုံးကန်ကြိုးစားနေရသော နည်းပြဂရန့်၏ ပို့မောက်စ်ကစားသမားများသည် အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲတွင် ဆောက်သမ်ပတမ် အသင်းကို ပြတ်ပြတ်သားသားအနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့၍ အသင်း၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့သည်။

သို့သော်လည်း ဆောက်သမ်ပတမ်အသင်း၏ အမာခံကစားသမားများဖြစ်ကြသည့် ဝိုင်ဂို၊ ဝိန်းသောမတ်စ်နှင့် ဂျိုင်းဒီတို့အတွဲသည် ပထမပိုင်းတွင် ပို့စ်မောက်တိုက်စစ်မှူးများ၏ ဂိုးပေါက်ရှာဖန်တီးမှုကို ဖြတ်တောက်ရှင်းထုတ်နိုင်ခဲ့သည်။

ဒုတိယပိုင်း၌ ဆောက်သမ်ပတမ် ကစားသမားများ ခြေစွမ်းကျလာပြီး ပွဲချိန် ၆၆မိနစ်တွင် အိုယုဆုအဘေရီးက ပို့စ်မောက်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးကို ဆောက်သမ်ပတမ်ကစားသမား လမ်းဘတ်က ဒန်မာဒင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့်ချေပခဲ့သည်။ သို့သော်လည်း ပို့စ်မောက်တွင် ခြေစွမ်းပြဂိုးများသွင်းယူနေသော ဒင်ဒိန်းက ပွဲချိန် ၇၅ မိနစ်၌ အနိုင်ဂိုးစတင်သွင်းယူသည်။ ပို့စ်မောက်ကြယ်ပွင့်များဖြစ်သည့် ဘီဟတ်နှင့် အိုဟာရာတို့ကလည်း ပွဲပြီးရန် ခြောက်မိနစ်အလိုတွင် နှစ်ဂိုးဆက်တိုက် သွင်းယူလိုက်နိုင်၍ ပို့စ်မောက်က လေးဂိုး- တစ်ဂိုးဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ဘာမင်ဂမ်အသင်းအတွက် အနိုင်ဂိုးကို ရစ်ဂျီဝဲလ်က ဒါဘီကောင်တီဘက်သို့ ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘာမင်ဂမ်နိုင်

ပရီမီယာလိဂ်အသင်း ဘာမင်ဂမ်အသင်းသည် ဒါဘီကောင်တီ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သဖြင့် ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဘာမင်ဂမ်အသင်းသည် ယင်းအနိုင်ပွဲကြောင့် ၂၀၀၆ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရီဒင်းအသင်းနှင့် ဝက်စ်ဘရွန်းတို့ ကစားခဲ့သည့်ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ အပြန်အလှန်သွင်းယူခဲ့သဖြင့် ပြန်ကန်ပွဲအဖြစ် ထပ်မံနွှဲကြရဦးမည် ဖြစ်သည်။ **(အင်တာနက်)**

● *ရှေ့ဖုံးမှ*

ထို့အပြင် အာဆီယံအဝေးပြေးလမ်းများတွင် သတ်မှတ်မောင်းနှင်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်းသည် ပထမအဆင့် အမျိုးအစားလမ်းများတွင်သာ မောင်းနှင်ရမည်ဖြစ်ပြီး အဆိုပါလမ်းတွင် ယာဉ်ကြောနှစ်ခုကြား အလယ်မျဉ်းနှင့် အဆင့်ခွဲခြားထားသော လမ်းလွှဲစနစ်များပါရှိမည် ဖြစ်ပါသည်။ မြို့ပြဒေသများအတွက် ထောက်ခံချက်ရရှိထားသော သတ်မှတ်မောင်းနှင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပထမအဆင့်လမ်း ၈၀-၁၀၀ ကီလိုမီတာ/တစ်နာရီ
အဆင့်(၁)လမ်း ၆၀-၈၀ ကီလိုမီတာ/တစ်နာရီ
အဆင့်(၂)လမ်း ၅၀-၆၀ ကီလိုမီတာ/တစ်နာရီ
အဆင့်(၃)လမ်း ၄၀-၅၀ ကီလိုမီတာ/တစ်နာရီ

ယင်းမှာ မဟာမဲခေါင်ဒေသ နောက်ဆက်တွဲစာချုပ်ငယ် ၁၁လမ်း တံတားဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးဆိုင်ရာ အထူးသတ်မှတ်ချက်များအရ ဖြစ်ပါသည်။

ယာဉ်များသည် သတ်မှတ်အတိုင်းအတာစံချိန်စံညွှန်း၊ လမ်းအနေအထားစံချိန်စံညွှန်း၊ လမ်းအဆောက်အအုံစံချိန်စံညွှန်း၊ (ယာဉ်၏ စုစုပေါင်းအလေးချိန်နှင့် ဝင်ရိုးအရေအတွက်၊ ဝင်ရိုးအလေးချိန်)များကိုလိုက်နာခြင်း၊ သတ်မှတ်မောင်းနှင်နှုန်းများအတိုင်း မောင်းနှင်ခြင်း၊ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသူများသည် လမ်းဘေးဆိုင်းဘုတ်များကို သိရှိနားလည်ခြင်းဖြင့်-

- အန္တရာယ်ကင်းရှင်းခြင်း၊
- လမ်းများကောင်းမွန်ခြင်း၊
- ကုန်သွယ်မှုလွယ်ကူခြင်း၊
- တစ်နေရာမှတစ်နေရာသို့ အချိန်တိုအတွင်း အလွယ်တကူသွားရောက်နိုင်သဖြင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိခြင်း(အာဆီယံနိုင်ငံများနှင့်လည်း ရင်းနှီးမှုရှိခြင်း)
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

သတ်မှတ်ပေးထား

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းများပျက်စီးမှုနည်းပါးရေးအတွက် ၁၉၆၈ ခုနှစ် ဩစတြီးယားနိုင်ငံ ဗီယင်နာယာဉ်သွားလာမှု ဆိုင်ရာ ကုလသမဂ္ဂညီလာခံအပြီး သတ်မှတ်အတည်ပြု ဆောင်ရွက်ချက်အရလည်းကောင်း၊ ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများပါ လမ်းညွှန်များ၊လမ်းအမှတ်အသားများနှင့် အချက်ပြများအရလည်းကောင်း လိုအပ်သည့်နေရာများတွင် လမ်းညွှန်လမ်းအမှတ်အသားများကို အောက်ဖော်ပြပါအမျိုးအစားများအရ သတ်မှတ်ပေးထားကြောင်း သိရပါသည်။

(၁) အမိန့်ပေးခြင်းလမ်းညွှန်များ(၈)မျိုး
(၂) တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ(၂၄)မျိုး
(၃) အန္တရာယ်သတိပေးလမ်းညွှန်များ(၃၆)မျိုး
(ပုံနှင့်တကွဖော်ပြထားပါသည်။)

အမိန့်ပေးလမ်းညွှန် (၈)မျိုး



တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်း လမ်းညွှန် (၂၄)မျိုး

အန္တရာယ်သတိပေးလမ်းညွှန် (၃၆)မျိုး

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

KNU ဘယ်လဲ

စောဖိုးစီ

KNU ဘာလဲမေးခွန်းကို အဖြေထုတ်ပြီးတဲ့နောက်မှာ KNU ဘယ်လဲဆိုတဲ့မေးခွန်းကို မေးလာကြပြန်ပါတယ်။

ဘယ်လဲဆိုတဲ့မေးခွန်းကို ဖြေနိုင်ဖို့ ယခုလက်ရှိ ဘယ်နေရာမှာ ရောက်နေသလဲဆိုတာ မှန်မှန်ကန်ကန် သိမြင်ဖို့လိုပါတယ်။ ပြီးတော့မှ လက်ရှိ ဘယ်ကိုဦးတည်နေသလဲဆိုတာ အဖြေထုတ်ရပါလိမ့်မယ်။ ဒီလို အဖြေထုတ်နိုင်ဖို့အတွက် ကရင်ပြည်နယ်လွတ်မြောက်ရေးနဲ့ ကရင်လူမျိုး ကောင်းစားရေးဆိုတဲ့ မူလကနဦး KNU အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ပန်းတိုင်က ဘယ်လောက်ခရီးရောက်သလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်သင့်ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၆၀ခန့်က အတွေးအခေါ်၊ အယူအဆအရ ကရင်ပြည်နယ်လွတ်မြောက်ရေးဆိုတဲ့ စကားလုံးဟာ ယခုလက်ရှိအချိန်အခါမှာ ဘာအဓိပ္ပာယ်မှ မရှိတော့ပါဘူး။ နယ်ချဲ့ရဲ့ သွေးခွဲမှုနဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုတွေကြောင့် ပြည်နယ်ခွဲထွက်ရေး၊ ပြည်နယ်လွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင်ခဲ့တာ ဘယ်လိုမှ အောင်မြင်မှုမရရှိခဲ့ပါဘူး။ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကြောင့် လမ်းကြောင်းမမှန်၊ လုပ်နည်းမှားခဲ့ပြီး ဒေသခံပြည်သူလူထုသာ ဆိုးရွားတဲ့ အနိဋ္ဌာရုံမျိုးစုံ၊ ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒီအချက်ကို ဖြတ်သန်းလာခဲ့ပြီးဖြစ်တဲ့ အတွေ့အကြုံများအရ လက်ခံရမှာ ဖြစ်ပါတယ်။ ဒီလိုဆိုးရွားလှတဲ့ အတွေ့အကြုံတွေကြောင့် အမိမြေ ပြည်ထောင်စုကြီးကနေ လွတ်မြောက်ရေး၊ ခွဲထွက်ရေးဆိုတဲ့ ယူဆချက် အတွေးအခေါ်ဟောင်းကိုလည်း မလွဲမသွေ စွန့်လွှတ်ရမှာဖြစ်ပါတယ်။

ရှေးပဝေသဏီကတည်းက ဒီမြေ၊ ဒီရေမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ အေးအတူ ပူအမျှ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ နောင်ကမ္ဘာတည်နေသရွေ့လည်း လက်တွဲမဖြုတ်စတမ်း ပြည်ထောင်စုကြီးအတွင်းမှာ အတူယှဉ်တွဲ နေထိုင်ကြရမှာဖြစ်ပါတယ်။ လက်ရှိ ပကတိအနေအထားအရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသဖြင့် အမည်နာမတွေ ကွဲပြားပေမယ့် ပြည်ထောင်စုတစ်ဝန်း ဘယ်နေရာ ဘယ်ဒေသမှာမဆို လူမျိုးပေါင်းစုံ အတူလက်တွဲနေထိုင်လျက်ရှိနေကြပါတယ်။ ဒီအတွက်ကြောင့် ဒေသတစ်ခုမှာ လူမျိုးစုတစ်ခုရဲ့ အကျိုးစီးပွားအတွက် သီးခြားအခွင့်အရေး တောင်းဆိုနေတဲ့ လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုမျိုးလည်း မထားရှိသင့်တော့ပါဘူး။

ဒါ့ကြောင့် KNU ရဲ့ ကရင်ပြည်နယ်လွတ်မြောက်ရေး လုပ်ဆောင်ချက်ကို ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကရင်လူမျိုးများသာမက တိုင်းရင်းသားပြည်သူအားလုံးက လုံးဝလက်မခံကြတော့ပါဘူး။ KNU ရဲ့ ကရင်ပြည်နယ်လွတ်မြောက်ရေး ကြွေးကြော်သံနဲ့ လက်နက်ကိုင် အကြမ်းဖက် လုပ်ရပ်တွေကိုလည်း ရွံရှာမုန်းတီးနေကြတာ ကိုယ်တိုင်ကြုံတွေ့သိမြင်နေရပါပြီ။

KNU ရဲ့ ကရင်လူမျိုးကောင်းစားရေးဆိုတဲ့ ရည်မှန်းချက်ကိုလည်း လုံးဝ မယုံကြည်ကြတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀အတွင်း KNU အဖွဲ့အစည်းအနေနဲ့ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် ဘာများ လုပ်ဆောင်ပေးခဲ့ပါသလဲ။ ကရင်ပြည်နယ်အတွင်း ဆည်တစ်ခု၊ တံတားတစ်စင်း လုပ်မပေးခဲ့တဲ့အပြင် KNU လုပ်ဆောင်ခဲ့တဲ့ အဖျက်လုပ်ရပ်များက အားလုံးမြင်တွေ့ ကြားသိနေကြတဲ့အတိုင်း မှတ်တမ်းတင်လို့ မဆုံတော့ပါဘူး။ မြောက်မြားစွာသော အကြမ်းဖက် အဖျက်လုပ်ငန်းတွေကြောင့် ကျွန်တော်တို့ ကရင်လူမျိုးများသာမက ပြည်သူအများအပြားဟာ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတွေ ရှိသလို စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကိုလည်း တန်ဖိုးကြီးမားစွာ ပေးဆပ်နေကြရပါတယ်။

ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ မူလဗီဇက အေးအေးလူလူ နေချင်တယ်၊ ရိုးသားပွင့်လင်းတယ်၊ စစ်ပွဲတွေကို မလိုလားဘဲ ငြိမ်းချမ်းရေးကို လိုလားတယ်၊ ဇာတိမြေကို အလွန်ချစ်ခင်ပြီး ရိုးရာဓလေ့ထုံးစံတွေကို ဂုဏ်ယူမြတ်နိုးကြသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း **KNU က လူမျိုးကောင်းစားရေးကိစ္စကို လက်နက်ကိုင်လမ်းစဉ်နဲ့ လုပ်ခဲ့လို့ နှစ်ပေါင်း ၆၀ကျော် တည်ငြိမ်အေးချမ်းမှုတွေ ပျက်ပြားခဲ့ရတယ်။ ရိုးသားပွင့်လင်းတဲ့ လူမျိုးရဲ့ စရိုက်လက္ခဏာမှာ ရက်စက်ကြမ်းတမ်းတဲ့ စရိုက်လက္ခဏာအဖြစ် အမည်းစက်တွေ စွန်းထင်းခဲ့ရတယ်။ အလွန်ချစ်ခင်ရတဲ့ ဇာတိမြေကို စွန့်ခွာပြီး တစ်ဖက်နိုင်ငံက ဒုက္ခသည်စခန်းတွေကို မရောက်ချင်ဘဲ ရောက်ခဲ့ကြရတယ်။ ဂုဏ်ယူမြတ်နိုးရတဲ့ ရိုးရာဓလေ့တွေ ပျောက်လုနီးပါးဖြစ်ခဲ့ရပြီး ဒုက္ခသည်ဘဝနဲ့ တိုင်းတစ်ပါးမှာ ဖိနှိပ်ဆက်ဆံခံနေရတယ်။ မယုံမရှိပါနဲ့ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်တွေပါပဲ။**

တကယ်တော့ ကရင်ဒုက္ခသည်စခန်းဆိုတာကလည်း တိုက်ပွဲတွေ အကြောင်းပြပြီး ထွက်ပြေးလာသူတွေကို ခေတ္တနားခိုရာ နေရာတွေအဖြစ် ယခင်က သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်းမှာ KNU ခေါင်းဆောင်ပိုင်းနဲ့ ပြည်ပြေးနိုင်ငံရေးလုပ်စားသူတွေ၊ လူမှုကယ်ဆယ်ရေးအမည်ခံ အဖွဲ့အစည်းတွေက ဒေါ်လာငွေကြေးထောက်ပံ့မှုရရှိအောင် လုပ်စားတဲ့နေရာများ ဖြစ်နေပါတယ်။ ဒုက္ခသည်စခန်းဆိုတဲ့ နေရာတွေမှာ လူများများရှိလေ သူတို့အတွက် ဝင်ငွေကောင်းလေဖြစ်လို့ ကရင်လူမျိုးများ ဒုက္ခရောက်အောင် နည်းပေါင်းစုံနဲ့ ကြံစည်လုပ်ကိုင်ပြီး အဲဒီကို မရောက်ရောက်အောင် မောင်းသွင်းနေကြတာ အထင်အရှား မြင်တွေ့နေရပါတယ်။

ဒါ့အပြင် ပွင့်ပွင့်လင်းလင်းပြောရရင် ဒုက္ခသည်စခန်းဆိုတဲ့ နေရာတွေဟာ ကျွန်တော်တို့ KNU တပ်ဖွဲ့ဝင်တွေ ခေတ္တရှောင်တိမ်းရာ နေရာတွေဖြစ်ပြီး လက်ရှိအခြေအနေမှာတော့ ဒုက္ခသည်အခွင့်အရေးကို အသုံးချချင်တဲ့ ဒုစရိုက်သမားများ အခြေစိုက်ရာ နေရာဖြစ်လာနေပါတယ်။ ဒုက္ခသည်ဆိုတဲ့ သူတွေကလည်း KNU တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေ၊ KNU က မိုင်းထောင်ရွာဖျက်ပြီး မောင်းထုတ်ခံခဲ့ရတဲ့သူတွေ၊ ပြည်တွင်းကနေ တရားမဝင် တိမ်းရှောင်ထွက်ပြေးလာနေတဲ့ ကရင်မဟုတ်တဲ့ ဒုစရိုက်ဓမိုက်သားတွေ၊ တတိယနိုင်ငံကို သွားချင်လို့ ဒုက္ခသည်လက်မှတ်အတုနဲ့ ရောက်လာတဲ့ လူကုန်ကူးခံရသူတွေပဲ ဖြစ်ပါတယ်။ အဆိုးဆုံးကတော့ ထိုင်းနိုင်ငံ တောင်ပိုင်းက လူမျိုးခြားတွေ အစုလိုက်၊ အပြုံလိုက် ရောက်ရှိလာပြီး **ကရင်ဒုက္ခသည်အမည်ခံနေတာကို KNU ကလည်း သိသိကြီးနဲ့ လက်ခံထားရပါတယ်။** တကယ့်ဒုက္ခသည်ဆိုတဲ့ ပြေးလာတဲ့သူက နည်းနည်းဖြစ်ပြီး ဒုက္ခသည်စခန်းကို အကြောင်းပြ စီးပွားရှာဖို့ ရောက်လာတဲ့သူတွေက ပိုများနေပါတယ်။ ဒေါ်လာထောက်ပံ့ကြေးရဖို့အတွက် ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကိုတောင် မငဲ့ကွက်နိုင်တော့ပါဘူး။ တကယ့်ဖြစ်ရပ်မှန် အခြေအနေတွေအရ KNU ရဲ့ ကရင်ကောင်းစားရေး လမ်းစဉ်ဟာ ကရင်တွေကို ဒုက္ခသည်စခန်းဆိုတဲ့ ဒုစရိုက်နေရာတွေကနေတစ်ဆင့် သူတစ်ပါး တိုင်းပြည်တွေမှာ အဖိနှိပ်ခံလူတန်းစားဖြစ်အောင် လုပ်နေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း KNU အဖွဲ့အစည်းကို ပြည်တွင်းမှာရှိတဲ့ ကရင်လူမျိုးတွေက ရွံရှာမုန်းတီးကြောက်ရွံ့နေကြတာ မဆန်းလှပါဘူး။ ကျွန်တော်တို့ ကရင်ပြည်သူတွေလိုလားတဲ့ ကရင်ကောင်းစားရေးဆိုတာ ကိုယ့်ဇာတိမြေ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းလုံခြုံတဲ့ မိသားစုဘဝများပဲ ဖြစ်ပါတယ်။ တိမ်းရှောင်ပုန်းအောင်း ပြေးလွှားနေရတာထက် ကိုယ့်မိသားစု အေးအေးလူလူနဲ့ တည်ငြိမ်ပြီး ဂုဏ်သိက္ခာရှိတဲ့ လူနေမှုပတ်ဝန်းကျင်ကို တကယ်ပဲ တောင့်တနေပါတယ်။

ရိုးရိုးသားသားဝန်ခံရရင် KNU ကို ထောက်ခံတယ်၊ အားပေးတယ်ဆိုတာ ပြည်တွင်းမှာရှိတဲ့ ကရင်လူမျိုးတွေ မဟုတ်ပါဘူး။ ပြည်ပမှာရှိနေတဲ့ အတ္တသမား ဝါဒစွဲတွေ၊ KNU ကို မှီခိုပြီး KNU ကို ပြန်အသုံးချနေတဲ့ အခွင့်အရေးသမား နိုင်ငံရေးလုပ်စားသူတွေ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုတဲ့ နိုင်ငံခြားသားတွေနဲ့ KNU ကြောင့် ကြီးပွားချမ်းသာနေတဲ့ အချောင်နှိုက် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်တွေသာ KNUကို အားပေးအားမြှောက်ပြုနေကြတာဖြစ်ပါတယ်။ အထူးသဖြင့် တပ်မတော်အစိုးရကိုဆန့်ကျင်ပြီး ပြည်ပမှာရှိနေတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေက KNU နဲ့ နိုင်ငံတော်အစိုးရ ငြိမ်းချမ်းရေးရရှိသွားမှာကို အလွန်အင်မတန် စိုးရိမ်ကြောက်ရွံ့နေကြပါတယ်။ ဒါ့ကြောင့် အမျိုးမျိုး သွေးခွဲမြှောက်ပင့်ပေးပြီး KNU ရဲ့ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ခုခံတော်လှန်ရေးစစ်ပွဲအဖြစ် ပုံဖော်ပြီး အားပျော့ပြိုလဲမသွားအောင် ကျားကန်ပေးနေကြပါတယ်။ KNU အဖွဲ့အစည်းက တပ်မတော်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်လေတိုင်း ပြည်ပ ပယောဂများ ပူးကပ်ဝင်ရောက် နှောင့်ယှက်ခဲ့တာ ကျွန်တော်တို့ကိုယ်တိုင်လည်း အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရပြီးပါပြီ။

လွဲမှားတဲ့လမ်းစဉ်ကြောင့် နှစ်ပေါင်း ၆၀ကျော် မျိုးရိုးစဉ်ဆက်သက်တမ်းတစ်ခုအထိ လက်နက်စွဲကိုင်ခဲ့တဲ့ အနိဋ္ဌာရုံအမွေဆိုးကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း မပေးချင်တဲ့သူတွေ KNU အဖွဲ့အစည်းအတွင်းမှာ ရှိနေပါတယ်။ လက်ရှိပြည်တွင်းမှာ ရုန်းကန်နေကြရတဲ့ KNU ခေါင်းဆောင်ကြီး၊ ငယ်တချို့နဲ့ လက်အောက်ငယ်သား အများစုကလည်း စစ်မတိုက်ချင်ကြတော့ဘူးလို့ ဆိုနေကြပြန်ပါတယ်။ ပြည်သူအများစုကလည်း ဆိုးရွားတဲ့ အနိဋ္ဌာရုံတွေက လွတ်ကင်းဖို့ ငြိမ်းချမ်းရေးကိုသာ မျှော်လင့်တောင့်တနေကြပါတယ်။

ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ အနိုင်အရှုံးကို ဆုံးဖြတ်တာမဟုတ်ဘဲ ပြည်သူတွေရဲ့ ပကတိလိုလားတောင့်တချက်ကို ဖော်ဆောင်ဖြည့်ဆည်းပေးခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ လက်နက်ချ အညံ့ခံ

ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ အနိုင်အရှုံးကို ဆုံးဖြတ်တာမဟုတ်ဘဲ ပြည်သူတွေရဲ့ ပကတိ လိုလားတောင့်တချက်ကို ဖော်ဆောင်ဖြည့်ဆည်းပေးခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ ငြိမ်းချမ်းရေး လုပ်တယ်ဆိုတာ လက်နက်ချ အညံ့ခံခြင်းဆိုတဲ့ သွေးခွဲစကားကို နားယောင်ခဲ့ရင် တော့ အကြမ်းဖက်သံသရာထဲက ရုန်းထွက်ဖို့ ခက်ခဲနေပါလိမ့်မယ်။ ငြိမ်းချမ်းရေး ရဲ့တန်ဖိုးကို ငြိမ်းချမ်းရေးရရှိပြီးဖြစ်တဲ့ အခြားပြည်နယ်၊ အခြားတိုင်းရင်းသား အဖွဲ့ အစည်းတွေရဲ့ အတွေ့အကြုံများနဲ့ နှိုင်းယှဉ်ပြီး ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကို သိနားလည်သင့်ပါတယ်။

**ဒီမြေ၊ ဒီရေမှာ တိုင်း
ပေါင်းစုံ အတူတကွ အေး
လက်တွဲနေထိုင်ခဲ့ကြပါတယ်
တည်နေသရွေ့လည်း
စတမ်း ပြည်ထောင်စုကြီးအ
ယှဉ်တွဲ နေထိုင်ကြရမှ
လက်ရှိ ပကတိအနေအထာ
ကယား၊ ကရင်၊ ချင်း၊ မွန်
ဗမာ စသဖြင့် အမည်နာမ
ပေမယ့် ပြည်ထောင်စုတ
နေရာ ဘယ်ဒေသမှာမဆို
အတူလက်တွဲ နေထိုင်လျ
တယ်။ ဒီအတွက်ကြောင့်
လူမျိုးစုတစ်ခုရဲ့ အကျိုး
သီးခြားအခွင့်အရေး
လူမျိုးရေး အမြင်ကျဉ်းမြေ
မထားရှိသင့်တော့ပါဘူး။**

ခြင်းဆိုတဲ့ သွေးခွဲစကားကို နားယောင်ခဲ့ရင်တေ
ထဲက ရုန်းထွက်ဖို့ ခက်ခဲနေပါလိမ့်မယ်။ ငြိ
ငြိမ်းချမ်းရေး ရရှိပြီးဖြစ်တဲ့ အခြားပြည်နယ်
အဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံများနဲ့ နှိုင်း
အနှစ်သာရကို သိနားလည်သင့်ပါတယ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား
ရေးဆိုတဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒအောက်မှာ
ညီအစ်ကိုမောင်နှမအားလုံး သာတူညီမျှ အကျိ
ကရေစီနိုင်ငံတော်သစ် လမ်းကြောင်းကလည်း
ကိုယ့်လူမျိုး၊ ကိုယ့်ဓလေ့ထုံးစံအရ ထူးခြားတဲ့
ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး ရည်မှန်းချ
အားလုံး တစ်ခဲနက် အတည်ပြုထားတဲ့ ဖွဲ့စည
ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကောင်း
အရှင်းဆုံးပြောရရင် တရားမဝင် လက်နက်
လက်နက်ကိုင်ဆောင်ခွင့်ရအောင် ဖန်တီးပေးနေ
ကောင်းကို လက်မလွှတ်တမ်း အသုံးချသင့်ပါ

နိုင်ငံရေးလုပ်စားတဲ့ လူလည်နိုင်ငံရေး
နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို မလိုလား
နောက်မြီးဆွဲ ဩဇာခံဘဝကို ပြတ်ပြတ်သားသ
တိုက်တွန်းအကြံပြုချင်ပါတယ်။ အတွေးအခေါ်
စွန့်လွှတ်၊ ပကတိအဖြစ်မှန်တွေကို သိမြင်နား
လိုလားတောင့်တချက်အတိုင်း လျှောက်လှမ်
ရွေးချယ်သင့်ပါပြီ။

ဒါ့ကြောင့်မို့ KNU အဖွဲ့အစည်းအနေနဲ့

- **ပြည်သူတွေရဲ့ဆန္ဒအမှန်၊ အမိဇာတ
ရေးအတွက် ငြိမ်းချမ်းရေး လမ်း**
- **ပြည်ပရောက် နိုင်ငံရေးသမားတွေ
သွေးခွဲမြှောက်ပင့်ပေးမှုကြောင့် နိုင်
လက်နက်ကိုင်အကြမ်းဖက် လမ်း**

ဘယ်လမ်းကြောင်းကို ရွေးချယ်မလဲဆိုတ
ချက်များကိုပဲ စောင့်ကြည့်ရပါတော့မယ်ခင်ဗျ

ဒီမြေ၊ ဒီရေမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ အေးအတူ၊ ပူအမျှ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ နောင်ကမ္ဘာတည်နေသရွေ့လည်း လက်တွဲမဖြုတ်စတမ်း ပြည်ထောင်စုကြီးအတွင်းမှာ အတူယှဉ်တွဲ နေထိုင်ကြရမှာ ဖြစ်ပါတယ်။ လက်ရှိ ပကတိအနေအထားအရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသဖြင့် အမည်နာမတွေ ကွဲပြားပေမယ့် ပြည်ထောင်စုတစ်ဝန်း ဘယ်နေရာ ဘယ်ဒေသမှာမဆို လူမျိုးပေါင်းစုံ အတူလက်တွဲ နေထိုင်လျက် ရှိနေကြပါတယ်။ ဒီအတွက်ကြောင့် ဒေသတစ်ခုမှာ လူမျိုးစုတစ်ခုရဲ့ အကျိုးစီးပွားအတွက် သီးခြားအခွင့်အရေး တောင်းဆိုနေတဲ့ လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုမျိုးလည်း မထားရှိသင့်တော့ပါဘူး။

ခြင်းဆိုတဲ့ သွေးခွဲစကားကို နားယောင်ခဲ့ရင်တော့ အကြမ်းဖက်သံသရာထဲက ရုန်းထွက်ဖို့ ခက်ခဲနေပါလိမ့်မယ်။ ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို ငြိမ်းချမ်းရေး ရရှိပြီးဖြစ်တဲ့ အခြားပြည်နယ်၊ အခြားတိုင်းရင်းသား အဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံများနဲ့ နှိုင်းယှဉ်ပြီး ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကို သိနားလည်သင့်ပါတယ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒအောက်မှာ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမအားလုံး သာတူညီမျှ အကျိုးခံစားခွင့်ရှိစေမယ့် ဒီမိုကရေစီနိုင်ငံတော်သစ် လမ်းကြောင်းကလည်း ပုံပေါ်နေပြီဖြစ်ပါတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဓလေ့ထုံးစံအရ ထူးခြားတဲ့ ဝိသေသတွေ ရှိရင်လည်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်မပျောက်စေဘဲ ပြည်သူအားလုံး တစ်ခဲနက် အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေရှိနေပြီ ဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင် တရားမဝင် လက်နက်ကိုင်ဆောင်မှုကို တရားဝင် လက်နက်ကိုင်ဆောင်ခွင့်ရအောင် ဖန်တီးပေးနေတဲ့ အခြေအနေ အချိန်အခါကောင်းကို လက်မလွှတ်တမ်း အသုံးချသင့်ပါတယ်။

နိုင်ငံရေးလုပ်စားတဲ့ လူလည်နိုင်ငံရေးသမားတွေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို မလိုလားတဲ့ နိုင်ငံခြားသားတွေရဲ့ နောက်မီးဆွဲ ဩဇာခံဘဝကို ပြတ်ပြတ်သားသား စွန့်လွှတ်သွားရန်လည်း တိုက်တွန်းအကြံပြုချင်ပါတယ်။ အတွေးအခေါ် အယူအဆဟောင်းတွေကို စွန့်လွှတ်၊ ပကတိအဖြစ်မှန်တွေကို သိမြင်နားလည်ပြီး ပြည်သူတွေရဲ့ လိုလားတောင့်တချက်အတိုင်း လျှောက်လှမ်းရမယ့်လမ်းကြောင်းကို ရွေးချယ်သင့်ပါပြီ။

ဒါ့ကြောင့်မို့ KNU အဖွဲ့အစည်းအနေနဲ့-

- **ပြည်သူတွေရဲ့ဆန္ဒအမှန်၊ အမိဇာတိမြေ တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေး လမ်းကြောင်းလား။**
- **ပြည်ပရောက် နိုင်ငံရေးသမားတွေနဲ့ နိုင်ငံခြားသားများရဲ့ သွေးခွဲမြှောက်ပင့်ပေးမှုကြောင့် နိုင်ငံရေးအကြောင်းပြချက်နဲ့ လက်နက်ကိုင်အကြမ်းဖက် လမ်းကြောင်းလား။**

ဘယ်လမ်းကြောင်းကို ရွေးချယ်မလဲဆိုတာ KNU ရဲ့ လုပ်ဆောင်ချက်များကိုပဲ စောင့်ကြည့်ရပါတော့မယ်ခင်ဗျာ…။ ။

ရေစကြို-တမာတန်း တာပေါင်တည်ဆောက် စိုက်ပျိုးရေရရှိပြီး ရေကြီးမှုမှ ကာကွယ်နိုင်မည်

သတင်းခရီးသည်-ကျော်စိန် ❖ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

"လယ်မြေဧက ၄၀၀ အတွက် စိုက်ပျိုးရေ အောင်ရေ ပေးဝေနိုင်မှာ ဖြစ်ပါတယ်"

ဦးမြတ်ဇော်သိန်း
ဦးစီးအရာရှိ
ဆည်မြောင်းဦးစီးဌာန။

ပခုက္ကူခရိုင် ရေစကြို့မြို့နယ်၌ ချင်းတွင်းမြစ်ရေ တိုးလာလျှင် တမာတန်း တာပေါင်မှ တားဆီးပေးပြီး အဖွင့်အပိတ် ရေတံခါးဖြင့် ရေများ သိုလှောင်ထားမည်ဖြစ်သည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်သော မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ မြေနှင့် ရေရှိလျှင် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ပြီဖြစ်၏။ စက်မှုလယ်ယာဦးစီးဌာနမှ လယ်မြေသစ်များ ဖော်ထုတ်ပေးသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှလည်း စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေရရှိရန် နည်းလမ်းပေါင်းစုံဖြင့် ကြံဆရှာဖွေ ဖော်ထုတ်လျက်ရှိသည်။ ရှားသွန်းသော သဘာဝမိုးရေများနှင့် တောင်ကျစီးဆင်းရေများကို အလဟဿ မဖြစ်စေဘဲ သိုလှောင်ထိန်းသိမ်းရန် ချောင်းများ၊ ရိုးများကို ပိတ်၍ ဆည်၊တမံများ တည်ဆောက်ပေးခြင်းဖြင့်လည်းကောင်း၊ သဘာဝမြေအောက်ရေများကို တွင်းတူးဖော်ထုတ်၍လည်းကောင်း၊ မြစ်ရေတင် စီမံကိန်းများဖြင့်လည်းကောင်း စိုက်ပျိုးရေရရှိရန် ဆောင်ရွက်လျက်ရှိသည်။

ထိုမျှမကဘဲ မြစ်ရေတိုးချိန်တွင် တက်လာသော မြစ်ရေကို ထိန်းချုပ်သိုလှောင်ပြီး စိုက်ပျိုးရေပေးဝေရန် တည်ဆောက်နေသည့် မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြို့မြို့နယ်၏ တမာတန်း တာပေါင် တည်ဆောက်နေမှုကို မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

တာပေါင်

ပခုက္ကူ-မုံရွာ ကားလမ်းနှင့် ရေစကြို့မြို့ ဆက်သွယ်ထားသည့် ပေကုန်း တာရိုးဟောင်းတစ်ခုရှိသည်။ အလျား ပေ၇၉၀၀၊ ထိပ်ဝအကျယ် ၂၁ပေနှင့် တာပေါင်အမြင့် ၁၀ပေရှိသည်။ အဆိုပါ တာပေါင်ပေါ်တွင် ၁၈ပေအကျယ် ကားလမ်းရှိရာ ရေစကြို့မြို့အဝင် တစ်ခုတည်းသော ကားလမ်းပင်ဖြစ်သည်။ အဆိုပါ ကားလမ်းတာပေါင်တွင် ၃ပေ×၄ပေ အကျယ်၊ ရေတံခါးတစ်ပေါက်ပါ၊ ပေကုန်းရေတံခါး အမှတ်(၁)နှင့် ၄ပေ×၅ပေ အကျယ် တံခါးရွက် သုံးပေါက်ပါ ပေကုန်းရေတံခါး အမှတ်(၂)တို့ ရှိသည်။ ချင်းတွင်းမြစ်ရေ တိုးချိန်တွင် ၎င်းရေတံခါးတို့မှ ရေထုတ်၍ တူးမြောင်းမှတစ်ဆင့် စိုက်ကွင်းများဆီသို့ စိုက်ပျိုးရေများ ပေးပို့ခဲ့သည်။ မြစ်ရေကျချိန်တွင်မူ ရေမရှိတော့၍ စပါးစိုက်ကွင်းများအတွက် လုံလောက်သော အောင်ရေ မရတော့သည့် အခက်အခဲကို တောင်သူများ နှစ်စဉ်ကြုံတွေ့ခဲ့ကြရသည်။

အရှည် နှစ်မိုင်၊ အမြင့် ၁၀ပေရှိ ရေစကြို-တမာတန်း တာပတ်ခြင်း လုပ်ငန်း တာပေါင်မြေဖို့ခြင်းဆောင်ရွက်ပြီးစီးမှု မြင်ကွင်း….။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြင့်တက်ခဲ့

ရေစကြို-တမာတန်း တာပတ်လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းက "ယခု တမာတန်းတာပေါင် မတည်ဆောက်မီက ချင်းတွင်းမြစ်ရေ တိုးလာချိန်တွင် မြစ်ရေများ ဒလဟောစီးဝင်ပြီး ပုလဲစု၊ ကူထုတ်၊ ဇီးကျွန်း၊ အောင်ချမ်းသာ ကျေးရွာများမှ တောင်သူများမှာ နေအိမ်တွင်ပင် မအိပ်ရဲကြကြောင်း၊ လယ်များရေမြုပ်ပြီး နေအိမ်များသို့ပင် ရေများဝင်လာသည်အထိ ကြုံတွေ့ဖူးကြောင်း၊ မှတ်တမ်းများအရ ချင်းတွင်းမြစ်ရေသည် နှစ်ပေါင်း ၃၀အတွင်း အမြင့်ဆုံး ပေ ၃၀အထိ တက်ကာ အနိမ့်ဆုံး ၂၄ပေအထိ တိုးကြောင်း၊ မိုးရာသီအချိန်ဖြစ်သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် အမြင့်ဆုံး တက်ခြင်းဖြစ်ကြောင်း၊ ယခုအသစ်တည်ဆောက်သော တမာတန်းတာပေါင်မှာ မြစ်ရေတိုးလာချိန်တွင် ရေတံခါးဖွင့်ကာ ရေသွင်းပြီး မြစ်ရေပြန်ကျသွားချိန်တွင် ရေတံခါးပိတ်ထားကာ ရေများ သိုလှောင်ထားမည်ဖြစ်ကြောင်း၊ တာပေါင်နှင့် ရေတံခါးရှိနေ၍ ယခင်ကလို ရေဘေးအန္တရာယ် စိုးရိမ်စရာ မလိုတော့ကြောင်း၊ ချင်းတွင်းရေမှတ် ၁၉ပေဆိုလျှင် ရေတံခါးမှ ရေသွင်းနိုင်ပြီဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးအောင်ရေ အမြဲတမ်း အခက်အခဲတွေ့နေ၍ အောင်ရေ လိုအပ်သည့် အချိန်တွင် ပေကုန်းရေတံခါး အမှတ်(၁)နှင့် (၂)တို့မှ ရေပြန်ထုတ်ကာ တူးမြောင်းမှတစ်ဆင့် စိုက်ကွင်းများဆီသို့ အောင်ရေများ ပေးဝေမှာဖြစ်ပါကြောင်း၊ လယ်မြေဧက ၄၀၀ အတွက် တည်ဆောက်ပြီး ပေကုန်းတာရိုးနှင့် ယခုတည်ဆောက်နေသည့် တမာတန်းတာရိုးတို့က အကျိုးပြုမှာဖြစ်ကြောင်း၊ တာပေါင်လုပ်ငန်းကို ၂၀၀၉ခုနှစ် မေလ ၅ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ၂၀၁၀ခုနှစ် ပွင့်လင်းရာသီအတွင်း ဆောင်ရွက်ပြီးစီးမည် ဖြစ်ကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

တာပတ်တည်ဆောက်

ယင်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရေစကြို့မြို့နယ်အတွင်းရှိကျေးရွာများ ချင်းတွင်းမြစ်ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် ဝင်ရောက်လာသော မြစ်ရေများကို ထိန်းချုပ်ထား၍ အကျိုးရှိစွာ ပြန်လည် အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေစကြို-တမာတန်း တာပတ်တည်ဆောက်ခြင်း ဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့နှင့်အတူ ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး (မြို့ပြ)ရုံးမှ တာပေါင်တည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်း လိုက်ပါလာခဲ့သည်။ ရေစကြို-တမာတန်းတာပေါင်မှာ အလျားပေ နှစ်မိုင်ရှိပြီး တာပေါင်ထိပ်ဝအကျယ် ၁၂ပေ၊ တာပေါင်အမြင့် ၁၀ပေရှိ မြေသားတာပေါင်ဖြစ်သည်။ တမာတန်းလမ်းဆုံနှင့် ရေစကြို့မြို့နယ်ကို ဆက်သွယ်သော တာပေါင်ပြုလုပ်ထားသည်။ ချင်းတွင်းမြစ်ရေကျချိန်ဖြစ်၍ တာပေါင်တစ်ဖက်တွင် နေကြာသီးနှံများ ကွင်းလုံးပြည့် စိုက်ပျိုးထားခြင်း

တည်ဆောက်ပြီး တမာတန်း တာပေါင်တစ်ဖက်တွင် နေကြာသီးနှံများ စိုက်ပျိုးထားပြီး တာပေါင်လမ်းပေါ် ခရီးသည်များ ဖြတ်သန်းသွားနိုင်သည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကာကွယ်နိုင်

ရေစကြို-တမာတန်း တာပေါင် တည်ဆောက်လိုက်သည့် အတွက် ချင်းတွင်းမြစ်ရေတိုးချိန်တွင် ကျေးရွာများ ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ပြီဖြစ်ခြင်း၊ အဝင်အထွက် တစ်လမ်းတည်းသာရှိသော ရေစကြို့မြို့အတွက် အဝင်အထွက် မြို့ရောင်လမ်းအဖြစ် အသုံးပြုနိုင်ခြင်း၊ မိုးတွင်းအခါ ရေကြီးမှုကြောင့် ကျေးရွာများမှ ရေစကြို့မြို့သို့သွားလိုလျှင် လှေဖြင့် သွားလာရသော ဒုက္ခများမှ ကင်းဝေးသွားမည့်အပြင် နိုင်ငံတော်၏ ရည်မှန်းချက် စပါး အထွက်တိုးရေးနှင့် ဒေသခံ တောင်သူများ၏ တစ်ဦးချင်း ဝင်ငွေတိုးရေးတို့ကိုပါ ဆက်နွှယ် အကျိုးပြုလျက်ရှိပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရေစကြို-တမာတန်း တာပေါင်၏ ရေတံခါး ရေထွက်ပေါက် တည်ဆောက်နေဆဲ အနေအထား….။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)



ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် Htoo Group of Companies၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. တို့ ပူးပေါင်း၍ ရန်ကုန်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ရှေ့နေချုပ်ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Htoo Group of Companies ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. President နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး Htoo Group of Companies ဥက္ကဋ္ဌ ဦးတေဇနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. President မစ္စတာ ယွမ်ရှန်းဟွာတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဓာတ်ပုံရိုက်

ထို့နောက် ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ Htoo Group of Companies ဥက္ကဋ္ဌနှင့် Huaneng Lancang River Hydropower Co., Ltd. President တို့က နှစ်ဖက် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၇)၌ ပြည်တွင်းတွင် A(H1N1) ဖြစ်ပွားမှုရှိလာသော်လည်း ပြည်သူများ ကျန်းမာရေးအသိနှင့် သတိထားမှု အားနည်းနေသည်ကိုတွေ့ရ၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ပါမှသာ ကြက်၊ ဘဲများ ရန်ကုန်တိုင်းအတွင်း ဝင်ခွင့်ရရှိနိုင်၊ ရှော့ပင်းစင်တာကြီးများ ဆောက်လုပ်ပါက အဆင့်မြင့်ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်ရမည်၊ အတိတ်၏ အရိပ် ရုပ်ရှင်ကားကို ဆွစ်ဇာလန်နိုင်ငံ၌ ရုံတင်ပြသမည်၊ မြန်မာတစ်နိုင်ငံလုံးကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့် နိုင်ငံတကာအဆင့် နေပြည်တော် အမျိုးသား ဥယျာဉ်ကြီးဖွင့်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသူများ ပတ်ဝန်းကျင်မှ အနှောင့်အယှက်ပြုပါက တိုင်ကြားနိုင် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ စစ်ကိုင်း ရွှေမင်းဝံ ပေါ်တော်မူဘုရားမှ ညောင်ရမ်းခေတ် ယဉ်ကျေးမှုလက်ရာမွန်များ Myanmar Discovery၊ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်း၏ ရွေးကောက်ပွဲ အတွေ့အကြုံ 'ကျွန်ုပ်တို့၏ရန်ကုန်'၊ မေတ္တာမိုး ကွက်ကျားမရှာပါနှင့်၊ မူကြိုကျောင်း ပညာရေး၊ ဖြစ်ပွားနေသော လူကုန်ကူးမှုပုံစံများ၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်းကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီ ဖြစ်သည်။

ဆရာမောင်စူးစမ်း၏ ဘဏ်ကြီးတွေပိုကြီးလာပြီ၊ တရုတ်၏ကြီးပွားတိုးတက်မှု ပုံစံက အာဖရိကအားဆွဲဆောင်မှုပြုစေမည်လား၊ အာဆီယံအား ဆယ်စုနှစ်တစ်ခုခန့် စီးပွားရေး တိုးတက်မှုနှေးကွေးစေသောနစ်နာမှုကိုဖြစ်ပေါ်စေနိုင်၊ အာဖဂန်တွင် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာဖွယ်ရှိကြောင်း နေတိုးရှုမြင်၊ အယ်လ်ခိုင်ဒါတို့ အမေရိကန်အား အကြမ်းဖက်တိုက်ခိုက်မှုပြုရန် အသင့်အနေအထားတွင်ရှိ၊ အင်တာနက် သုံးခြင်းနှင့် စိတ်ဓာတ်ကျခြင်းဆက်စပ်မှုရှိ၊ ကနေဒါအစိုးရက အာတိတ်ဒေသရှိ ခိုက်ခိုက်တုန်အောင်အေးသောမြို့တွင် ဂျီ-၇ အစည်းအဝေးကျင်းပရန်စီစဉ် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၆ရက်က အမက(၁) ဗဟန်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်က ကျောင်းတက်ရက်မှန်ဆုရရှိသော အလယ်တန်းပြဆရာမ ဒေါ်မီမီစိုးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား လောက်ကိုင်မြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် တုံချိန်ဟိုတယ်ဇုန်ဝင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လောက်ကိုင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒေသခံ တိုင်းရင်းသားများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံမှ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို လောက်ကိုင်ခရိုင်ဥက္ကဋ္ဌ ဦးခိုင်ထွန်းဦးက ဖတ်ကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မော်ကျွန်း သုတဖြိုးဝေ စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်း နိုင်ငံတော်၏ မတည်ငွေဖြင့် ဆောက်လုပ်ခဲ့သော စာကြည့်တိုက် အဆောက်အအုံများအနက် ပထမဦးဆုံးဖွင့်လှစ်သော မော်လမြိုင်ကျွန်းမြို့နယ် ဒေါင်းရေကျော်မြင်းကကုန်းကျေးရွာအုပ်စု ဒေါင်းရေကျော်ကျေးရွာ သုတဖြိုးဝေစာကြည့် တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက သုတဖြိုးဝေစာကြည့်တိုက် အဆောက်အအုံသစ် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် သုတဖြိုးဝေစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်တို့က သုတဖြိုးဝေစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်များက သုတ၊ ရသစာအုပ် စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်အုပ်ရေ ၃၀၀တို့ကို သုတဖြိုးဝေစာကြည့်တိုက် ကော်မတီထံ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တောင်ဥက္ကလာပမြို့နယ် ဦးဆန်းညွန့်၏ အသက် ၅၀ပြည့် မွေးနေ့အလှူအဖြစ် ထာဝရ နဝကမ္မငွေပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘညဏ် လက်ခံယူစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ မိုးအနည်းငယ်ရွာဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၄ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ပြည်ထဲရေးအသင်း တံခွန်စိုက်ဒိုင်း သုံးခုစလုံးဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ရက်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထဲရေးအသင်းက တံခွန်စိုက်ဒိုင်း သုံးခုစလုံး ဆွတ်ခူးရရှိသွားသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ ပြည်ထဲရေးအသင်းက ရွှေ ၁၀ ခု၊ ငွေခြောက်ခု၊ ကြေးတစ်ခု ၁၃၈မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးက ရွှေလေးခု၊ ငွေခြောက်ခု၊ ကြေးခြောက်ခု အမှတ် ၁၂၀ဖြင့် ဒုတိယ၊ စီးပွားကူးသန်းအသင်းက ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးငါးခု ၇၉မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ရွှေ ၁၀၊ ငွေသုံးခု၊ ကြေးရှစ်ခု၊ ၁၅၃မှတ်ဖြင့် ပထမ၊ စီးပွားကူးသန်းအသင်းက ရွှေငါးခု၊ ငွေရှစ်ခု၊ ကြေးခြောက်ခု၊ ၁၁၉ မှတ်ဖြင့် ဒုတိယ၊ လယ်ယာဆည်မြောင်းက ရွှေလေးခု၊ ငွေလေးခု၊ ကြေးသုံးခု ၉၁မှတ်ဖြင့် တတိယတို့ရရှိကြသည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုပေါင်းတွင် ပြည်ထဲရေးက ရွှေ၂၀၊ ငွေကိုးခု၊ ကြေးကိုးခု ၂၉၁မှတ်ဖြင့် ပထမ၊ စီးပွားကူးသန်းက ရွှေခုနစ်ခု၊ ငွေ ၁၃ခု၊ ကြေး ၁၁ခု ၁၉၈မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးက ရွှေလေးခု၊ ငွေခြောက်ခု၊ ကြေးခြောက်ခု ၁၃၄မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတို့တွင် ဒိုင်းဆုရ ပြည်ထဲရေးအသင်းကို အား/ကာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဗီဒစ် မန်ယူကို ကျောခိုင်းထွက်ခွာတော့မည်လော....

ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

လန်ဒန် ဖေဖော်ဝါရီ ၁၃

မန်ယူနောက်ခံလူ ဗီဒစ်သည် လာမည့်နွေရာသီ၌ ရီရဲမက်ဒရစ်သို့ ပြောင်းရွှေ့တော့မည်ဟု သတင်းထွက်ပေါ်လာသည်။ မန်ယူကလပ်တာဝန်ရှိသူများနှင့် ဖာဂူဆန်ကလည်း သဘောတူလက်ခံရန် အသင့်ဖြစ်နေပြီဟု ဆိုသည်။ မန်ယူပရိသတ်များ ရင်ပူရပြန်လေပြီ။

မန်ယူနောက်တန်းကို ဖာဒီနန်နှင့် ဗီဒစ်တို့ အုတ်တံတိုင်းတွေအလား ကာကွယ်ပေးခဲ့ကြသည်။ အသက်အရွယ်ရလာသော်လည်း ခြေစွမ်းများမကျ။ မန်ယူအသင်းအနိုင်ရရေး စိတ်ဓာတ်ပြင်းထန်သူများ၌ ရှေ့ဆုံးမှပါဝင်သူများဖြစ်သည်။ ဖာဒီနန်ထက် ဗီဒစ်က ပို၍ ဂိုးသွင်းစွမ်းရည်ထက်သည်။ တစ်ဖက်အသင်းခြေစွမ်းပြမှုကြောင့် မန်ယူတို့ ဂိုးရရေး အခက်အခဲကြုံတွေ့ရချိန်၌ ဗီဒစ်ရှေ့တက်ကာ ဂိုးရအောင်သွင်းယူပေးခဲ့သည့် ပွဲပေါင်းကမနည်းခဲ့ချေ။ ယခုနှစ်၌လည်း မန်ယူအတွက် ၁၃ပွဲကစားပေးခဲ့ရာ တစ်ဂိုးသွင်းယူပေးထားသည်။

ဖာဂူဆန်ဆန္ဒ

ဗီဒစ်ခြေစွမ်းကို ဖာဂူဆန် အသိအမှတ်ပြုခဲ့သည်။ ပွဲတိုင်းနီးပါး ထည့်သွင်းကစားခဲ့သည်။ သို့သော် ယခုနှစ်ဘောလုံးရာသီ၌ ဗီဒစ်ဒဏ်ရာပြဿနာများ ဖြစ်ပေါ်ခဲ့သည်။ ပွဲတိုင်းမကစားနိုင်ခဲ့။ အသက်(၂၈)နှစ် ရှိပြီးဒဏ်ရာရ နောက်တန်းကစားသမား တစ်ဦးကို ဖာဂူဆန်မျှော်လင့်ချက် လျှော့ချခဲ့သည်။ ဘောလုံးသမားအဝယ်ထက် အရောင်းဘက်ကို ပိုပြီးအားသန်နေသော ပိုင်ရှင်ဂလေဇာ မိသားစု၏ ငွေကြေး အခက်အခဲကလည်း ဖာဂူဆန်ကို ဖိအားပေးနေသည်။ ယင်းအချိန်၌ ရီရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင် သန်း၂၀ပေးမည်ဟူသော ကမ်းလှမ်းချက်ကို ဖာဂူဆန်လက်ခံရန် ပြင်ဆင်နေပြီ။ ဗီဒစ်ကို လာမည့် နွေရာသီ၌ ရောင်းချမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဗီဒစ်ကောက်ကြောင်း

အသက်(၂၈)နှစ် အရွယ် ဆားဗီးယား တိုက်စစ်မှူး ဗီဒစ်ခြေစွမ်းကို ဖာဂူဆန်သဘောကျခဲ့သည်မှာ အမှန်။ စပါတက်မော်စကိုမှ မန်ယူသို့စတင်ရောက်ခဲ့သည့် ၂၀၀၆ ခုနှစ်က စတင်ကာ ဖာဂူဆန်က ဗီဒစ်ကို ပထမဦးစားပေး ကစားသမားနေရာ၌ ကစားစေခဲ့သည်။ ပေါင် ခုနစ်သန်းတန် ဗီဒစ်သည် မန်ယူကို အကျိုးများစွာပြုခဲ့သည်။ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ် ဖလားများကိုလည်း ရယူနိုင်အောင် စွမ်းဆောင်ခဲ့သည်။ ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ပရီမီယာလိဂ် အကောင်းဆုံးဘောလုံးသမားတစ်ဦး ဖြစ်ခဲ့သည်။

အကြံပြု

ဗီဒစ်ကို ရီရဲမက်ဒရစ်သို့ပြောင်းရွှေ့လာရန် စီရိုနယ်ဒိုက အကြံပြုခဲ့သည်ဟု ဆို၏။ စီရိုနယ်ဒိုကမူ မဟုတ်ကြောင်း၊ ဗီဒစ်၏မေးမြန်းမှုကို မိမိက ပြန်ဖြေခဲ့ခြင်းမျိုးသာဖြစ်ကြောင်း မီဒီယာများကို တုံ့ပြန်ခဲ့သည်။ စီရိုနယ်ဒိုကိုယ်တိုင် ဘာနေဗျူး၌ အခက်အခဲများနှင့် ရုန်းကန်နေရဆဲပင်....။

အစားထိုးမှု

ဗီဒစ်ပြောင်းရွှေ့ရေးကိစ္စ ရာနှုန်းပြည့်နီးပါး သဘောတူညီမှုရရှိခဲ့ပြီဟု ရီရဲမက်ဒရစ်ကလပ်က တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားနေပြီ ဖြစ်သည်။ ဗီဒစ် ရီရဲမက်ဒရစ်ပြောင်းရွှေ့လျှင် မန်ယူနောက်တန်း၌ ဗီဒစ်နေရာအစားထိုးရန် ကစားသမား အသင့်ရှိသည်ဟု ဖာဂူဆန်က ပြောကြားသည်ဖြစ်ရာ စိတ်ဝင်စားစရာဖြစ်လာသည်။ ဗီဒစ်နေရာတွင် မည်သူဖြင့် အစားထိုးမည်နည်း။

ကစားသမားများ

မန်ယူနောက်တန်းမှာ ဗီဒစ်နေရာအတွက် ဖူလ်ဟမ်လူငယ် နောက်ခံကစားသမား ခရစ်မောရင်းကို နွေရာသီ၌ ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းပေး၍ ခေါ်ယူအစားထိုးမည်ဟု မန်ယူကလပ်က သတင်းထုတ်ပြန်သည်။ မန်ယူနှင့် ဖူလ်ဟမ်တို့ သဘောတူညီမှုရရှိထားပြီဟုလည်း ဖာဂူဆန်က ခိုင်ခိုင်မာမာပြောကြားနေသည်။ ခရစ်မောရင်း မန်ယူရောက်တော့မည့်သဘောပင်။ ထို့အပြင် နောက်တန်းခံစစ်မှူးများအဖြစ် ဘင်ဖီကာမှ ဒေးဗစ်လုဇ်၊ ပါလာမိုမှ ဒန်းမက်၊ ပေါ်တိုမှ အယ်လ်ဗက်စ်တို့ကိုလည်း မန်ယူက ပစ်မှတ်ထားနေသည်။

ထို့ကြောင့် လာမည့်နွေရာသီ၌ ဗီဒစ် မန်ယူမှစွန့်ခွာသွားမှုရှိမရှိနှင့် အစားထိုး ခံစစ်မှူးများ အခြေအနေကို စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ကိုးလ် ခြေချင်းဝတ်ကျိုး၍ သုံးလနားရမည်

လန်ဒန် ဖေဖော်ဝါရီ ၁၃

အင်္ဂလန် ဝဲနောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးနှင့် အဲဗာတန်တို့ ကစားခဲ့သည့် ပြိုင်ပွဲတွင် ခြေချင်းဝတ်ကျိုးသွားသဖြင့် ဆေးကုသမှုခံယူရန် သုံးလကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း၊ ယင်းဒဏ်ရာကြောင့် ကမ္ဘာ့ဖလားအဖွင့်ပွဲအဖြစ် အမေရိကန်နှင့် ကစားမည့်ပြိုင်ပွဲနှင့်လည်း လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောကြားသည်။

အစားထိုးဖွယ်

ချယ်လ်ဆီး၏ဘောလုံးရာသီသည် လာမည့် မေရက်သို့မဟုတ် ၉ရက်တွင် အဆုံးသတ်မည်ဖြစ်သည်။သို့သော်လည်း အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ရောက်လျှင် မေ ၁၅ ရက်အထိ၊ ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်ခဲ့သော် မေ၂၂ရက်အထိဖြစ်သည်။ ထိုအချိန်တွင် အက်ရှ်လေကိုးလ်သည် ပုံမှန်အနေအထားသို့ပြန်ရောက်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့ဖလား အင်္ဂလန်အသင်း၌ အက်ရှ်လေကိုးလ်နေရာတွင် ဘလက်ဘန်းမှ ဝါနော့၊ မန်စီးတီးမှ လက်စ်ကော့နှင့် အဲဗာတန်မှ ဘိုင်းနက်စ်တို့ဖြင့် အစားထိုးဖွယ်ရှိသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ဖလားဆွတ်ခူးရေး ကြိုးပမ်းမှုပြင်းထန်လာ

လန်ဒန် ဖေဖော်ဝါရီ ၁၃

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ထိပ်သီးအသင်းများ ရမှတ်များ ဆုံးရှုံးခဲ့ချိန်တွင် အာဆင်နယ်က လီဗာပူးကိုအနိုင်ရခဲ့ပြီးနောက် အာဆင်နယ်၏ ဖလားရရှိရေးကြိုးပမ်းမှုကို အလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက အခိုင်အမာ ပြောကြားလိုက်သည်။

ကြိုးစားသွားမည်

ပွဲစဉ်(၂၆)တွင် အာဆင်နယ်က လီဗာပူးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ချိန်တွင် ချယ်လ်ဆီးက အဲဗာတန်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းရလဒ်များကြောင့် အာဆင်နယ်က ထိပ်ဆုံးရောက် ချယ်လ်ဆီးကိုမီရန် ခြောက်မှတ်သာ လိုတော့သည်။ ထို့ကြောင့် မိမိတို့အသင်းအနေဖြင့် ရာသီကုန်သည်အထိ ဖလားဆွတ်ခူးရေး မဆုတ်မနစ်ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

(အင်တာနက်)

ဂစ် လက်ဖျံကျိုးအက်၍ လေးပတ်နားရဖွယ်

လန်ဒန် ဖေဖော်ဝါရီ ၁၃

မန်ယူ တောင်ပံကစားသမား ရိုင်ယန်ဂစ်သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲ အက်စ်တွန်ဗီလာနှင့် ကစားရာတွင် ညာဘက်လက်ဖျံကျိုးအက်သွားသဖြင့် ဆေးကုသမှုခံယူရန် လေးပတ်ကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း မန်ယူကလပ်က ပြောကြားသည်။

ဗိုလ်လုပွဲလွဲချော်ဖွယ်

ရိုင်ယန်ဂစ်သည် ယင်းဒဏ်ရာကြောင့် အေစီမီလန်နှင့်ကစားမည့် ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲ၊ ဖေဖော်ဝါရီ၂၈ရက် ကာလင်းဖလားဗိုလ်လုပွဲတို့နှင့် လွဲချော်ဖွယ်ရှိသည်။

ရိုင်ယန်ဂစ်သည် အက်စ်တွန်ဗီလာကစားသမား ဆစ်ဝဲလ်နှင့်တိုက်မိပြီး လက်ဖျံကျိုးအက်သွားခြင်းဖြစ်သည်။ (အင်တာနက်)

ဘာစီလိုနာသို့မပြောင်းရွှေ့ဟု ဖာဘရီဂတ်စ် ထုတ်ဖော်ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၁၃



အာဆင်နယ်အသင်း ခေါင်းဆောင် ဖာဘရီဂတ်စ်သည် လာမည့်ဘောလုံးရာသီတွင် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ဆက်သွယ် ဆွေးနွေးနေပြီဖြစ်ကြောင်း စပိန်မီဒီယာများက ပြောဆိုမှုကို မဟုတ်မမှန်ကြောင်း ဘာစီလိုနာနှင့် ဖာဘရီဂတ်စ်တို့က ငြင်းဆိုလိုက်သည်။

သဘောတူ

ဖာဘရီဂတ်စ်သည် ဘာစီလိုနာနှင့် ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားကြောင်း စပိန် မီဒီယာများက ပြောဆိုခဲ့သည်။ သို့သော်လည်း မဟုတ်မမှန်ကြောင်း ၄င်းက ငြင်းဆိုခဲ့သည်။ ဖာဘရီဂတ်စ်သည် ၂၀၀၃ ခုနှစ်က ဘာစီလိုနာ လူငယ်ဘောလုံးသင်တန်းကျောင်းမှ ထွက်ခဲ့ပြီး အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၄င်းက တစ်နေ့တွင် ဘာစီလိုနာသို့ ပြန်မည်ဖြစ်ကြောင်း စပိန်မီဒီယာများနှင့် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ဗီအဲရာ ပြင်သစ်အသင်းခေါင်းဆောင်ဖြစ်လာနိုင်

မန်စီးတီး ကွင်းလယ်ကစားသမား ပက်ထရစ်ဗီအဲရာ

လန်ဒန် ဖေဖော်ဝါရီ ၁၃

မန်စီးတီး ကွင်းလယ်ကစားသမား ပက်ထရစ်ဗီအဲရာသည် မန်စီးတီးတွင် ခြေစွမ်းပြကစားနိုင်လျှင်လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြင်သစ်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း နည်းပြ ရေမွန်ဒိုမီနက်က ပြောကြားသည်။

ပါဝင်ကစားပေး

အသက် (၃၃)နှစ်ရှိ ဗီအဲရာသည် ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် အင်တာမီလန်မှ မန်စီးတီးသို့ ပြောင်းရွှေ့ကစားခဲ့ရာ ပထမပွဲနှစ်ပွဲ၌ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သို့သော်လည်း ဗီအဲရာသည် အိုင်ယာလန်နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားခဲ့ရာတွင် မပါဝင်ခဲ့ပေ။ ၄င်းသည် ပြင်သစ်အသင်းအတွက်ပွဲပေါင်း ၁၀၇ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ခံစစ်မှူး တိုဆစ်အား ပို့စ်မောက် စာချုပ်ခေါ်ယူမည်

ဝုဖ်ဘတ်အသင်းက ဆားဗီးယားခံစစ်မှူး ဒတ်စ်ကိုတိုဆစ်အား အသင်းမှထွက်ခွာခွင့်ပြုခဲ့ပြီးနောက် ပို့စ်မောက်အသင်းက ခေါ်ယူမည်ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

တိုက်စစ်မှူး ကာဘာနက်စ်အား ဆန်းဒါးလန်း ခေါ်ယူလို

ပါရာဂွေးတိုက်စစ်မှူး ဆယ်လ်ဗာဒိုကာဘာနက်စ်သည် လောလောဆယ် ဦးခေါင်းတွင်ရရှိထားသော ဒဏ်ရာကြောင့် ဆေးရုံတက်နေရလင့်ကစား ဆန်းဒါးလန်းအသင်းက ၄င်းအား ခေါ်ယူလိုဆဲပင်ဖြစ်ကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

ရာအူးလ် နယူးယောက်ရက်ဒ်ဘူးလ်သို့ပြောင်းရွှေ့ရန် ဆက်သွယ်

ရီရဲမက်ဒရစ်ဘောလုံးကြယ်ပွင့် ရာအူးလ်သည် ယခုဘောလုံးရာသီအကုန်တွင် အမေရိကန်အသင်း နယူးယောက်ရက်ဒ်ဘူးလ်အသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့ကြောင်း သည်အင်န်ဒီပင်းဒင့်စ်၌ ဖော်ပြသည်။

ချယ်လ်ဆီးခံစစ်မှူး အဲလက်စ်အား ဘိုင်ယန် ခေါ်ယူလို

ချယ်လ်ဆီးခံစစ်မှူး အဲလက်စ်အား ဂျာမနီအသင်း ဘိုင်ယန်မြူးနစ်က ခေါ်ယူလိုကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ဆီဗက်စတာ အာဆင်နယ်အသင်းမှ ထွက်ခွာဖွယ်

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၀ရက်က လီဗာပူးနှင့်ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် နည်းပြအာစင်ဝင်းဂါး၏ ပစ်ပယ်မှုကိုခံခဲ့ရသော အာဆင်နယ်ကစားသမား ဆီဗက်စတာသည် အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ဗီအဲရာ အောင်မြင်မှုဆောင်ကြဉ်းနိုင်မည်ဟု တိုရေး ယုံကြည်

ပက်ထရစ်ဗီအဲရာ၏ စိတ်ဓာတ်ရေးရာအရ အောင်မြင်မှုရခြင်းသည် မန်စီးတီး၏ အက်ဖ်အေဖလားရရှိရန် ၄၁နှစ်ကြာ ငံ့လင့်နေရမှုကို အဆုံးသတ်စေမည်ဟု ကိုလိုတိုရေးက ယုံကြည်ကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

ယခုနွေရာသီတွင် အာဆင်နယ်နှင့်အတူ ချာမက်ချ် ပွဲထွက်ဖွယ်

မာရိုနီချာမက်ချ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀ဒသမ၄သန်းဖြင့် ပြောင်းရွှေ့ကာ အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ယခုနွေရာသီတွင် အသင်းနှင့်အတူ ပွဲထွက်ဖွယ်ရှိကြောင်း ဆန်း၌ ဖော်ပြသည်။

ပြောင်းရွှေ့ရေးကိုမစဉ်းစားဟု တိုက်စစ်မှူး ဗီလာပြောကြား

အသက် (၂၈)နှစ်ရှိ ဗလင်စီယာနှင့် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက ၄င်းအနေဖြင့် လာမည့်ဇွန်လတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အာရုံစိုက်နေရ၍ ယခု နွေရာသီကုန်သည့်တိုင်အောင် အသင်းပြောင်းရွှေ့ရေးကို မစဉ်းစားကြောင်း၊ ပြီးခဲ့သည့်နှစ်က အပြောင်းအရွှေ့ကို မစဉ်းစားခဲ့သည့်အပြင် ယခုနှစ်တွင် ပို၍ပင် မစဉ်းစားဟု ပြောကြားခဲ့ကြောင်း အိုင်အမ်စကောက်တီးကွမ်၌ ဖော်ပြသည်။

အဂွိရီအား ပရီမီယာလိဂ်အသင်းများ ခေါ်ယူဖွယ်

အသက်(၂၁)နှစ်ရှိ အာဂျင်တီးနားနှင့် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဆာဂျီယိုအဂွီရိုသည် အသင်းမှ ထွက်ခွာလိုကြောင်း ဖွင့်ဟပြောကြားခဲ့ပြီးနောက် ၄င်းအား ပရီမီယာလိဂ်အသင်းများက ခေါ်ယူဖွယ်ရှိကြောင်း သည်ဆန်း၌ဖော်ပြသည်။

ဝက်စ်ဘရွန်းမှ ဒေါ်ရန်အား ခေါ်ယူရန် မန်စီနီစီစဉ်

မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီသည် အသက်(၂၂)နှစ်ရှိ ဝက်စ်ဘရွန်း ကွင်းလယ်ကစားသမား ဂရေဟမ်ဒေါ်ရန်အား ပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း သည်ဒေးလီးမေရာ၌ ဖော်ပြသည်။

တောင်ကိုရီးယားမှကူဂျာချီအိုလ်အား ဆမ်အလာဒိုက်စ်ခေါ်ယူဖွယ်

ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်စ်သည် ၄င်း၏ကွင်းလယ်အင်အားကို ဖြည့်တင်းရန်အတွက် တောင်ကိုရီးယားကွင်းလယ်ကစားသမား ကူဂျာချီအိုလ်အား ခေါ်ယူဖွယ်ရှိကြောင်း သည်ဒေးလီးမေရာ၌ ဖော်ပြသည်။

ကိုမက်စ်အား အငှားစာချုပ်ရန် ဝက်စ်ဘရွှန်း စဉ်းစားနေ

အသက်(၃၀)ရှိ ဝေလနှင့် ဝီဂန် ကွင်းလယ်ကစားသမား ဂျာဆန်ကိုမက်စ်အား ဝက်စ်ဘရွှန်းက အငှားစာချုပ်ခေါ်ယူရန် စဉ်းစားနေကြောင်း ဘာမင်ဂမ်မေးလ်၌ ဖော်ပြသည်။

ဂမ်ဘီရီနီအား မန်စီးတီးအသင်း ခေါ်ယူလို

ဖီအိုရင်တီးနား ဗဟိုခံစစ်မှူး အလက်ဇန်ဒရိုဂမ်ဘီရီနီအား မန်စီးတီးက ခေါ်ယူလိုကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကျင်းပ၊ သဝဏ်လွှာများ ဖတ်ကြား

တွံတေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာ သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၀၅)

ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၈၃)

မင်္ဂလာတောင်ညွန့်မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ငြိမ်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၂၃)

သန်လျင်မြို့နယ် ဥက္ကဋ္ဌ ဦးဘိုထွန်း သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် ဥက္ကဋ္ဌ ဦးချစ်သိန်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၁၉)

ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေပြည်သာ၌ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အမှတ်(၈)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လမ်းအလှူရှင်တို့က တာဝန်ယူပြီး ကွန်ကရစ်လမ်းခင်းခဲ့သည့် ကိုယ့်အားကိုယ်ကိုး ဗိုလ်တေဇလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်နံနက် ၉နာရီက အဆိုပါ လမ်းသစ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ အမှတ်(၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် လမ်းအလှူရှင် ဦးအောင်ဒင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

စုပေါင်းဆောင်ရွက်

ယင်းကွန်ကရစ်လမ်းသည် အလှူရှင် ဦးအောင်ဒင်-ဒေါ်အက်စတာ မိသားစုက ငွေကျပ်သိန်း၃၀နှင့် ရပ်ကွက်နေပြည်သူများ၏စုပေါင်းဆောင်ရွက်မှုဖြင့် ခင်းခဲ့ခြင်းဖြစ်ပြီး အကျယ်လေးပေ၊ အရှည်ပေ ၅၅၀ ရှိသည်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် နယ်လှည့်ဟောပြောပွဲကို ဖေဖော်ဝါရီ၉ရက်က လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မကြီးက စာပေ၏တန်ဖိုးခေါင်းစဉ်ဖြင့် ဟောပြောပြီးနောက် ရပ်ကွက်ဥက္ကဋ္ဌဦးမင်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အင်းစိန်မြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက်၁၀နာရီက အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ရပ်ကွက်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲအပေါ်ပုံ)** ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်စာစောင်များကို လှူဒါန်းရာ ရပ်ကွက်စာကြည့်တိုက်ကော်မတီ နာယက ဦးအောင်သာကျော်နှင့် ရပ်ကွက်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် ရာဇမိရာဇ် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့အခမ်းအနား မရမ်းကုန်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၇နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းက ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

တရုတ်ပြည်ရောက် အိန္ဒိယနိုင်ငံသားတစ်ဦးအကြောင်း ရိုက်ကူးထားသောအိန္ဒိယဇာတ်ကားသစ်ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဒါရိုက်တာစင်ရော်မောင်မောင် ခံစားတင်ပြသည့်အတိတ်၏အရိပ်ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

တရုတ်ပြည်သို့

ဝင်းနားဘရားသားကုမ္ပဏီမှ ထုတ်လုပ်ပြီး ဒါရိုက်တာနစ်ဟာရီအဗာနီရိုက်ကူးထားသည့် Chandi Chowk to China ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ရုံဝင်လာသည်။ အိန္ဒိယနိုင်ငံ ချန်ဒီချော့ဆစ်ဒူးဆိုသော လူငယ်တစ်ဦး တရုတ်ပြည်သို့ရောက်သွားရာမှ တရုတ်ပြည်တွင် အနိုင်ကျင့်ဗိုလ်ကျနေသော ဟိုဂျိုးနှင့်တွေ့ပြီး တိုက်ခိုက်ကြပုံကို ကမ္ဘာကျော်မဟာတံတိုင်းနောက်ခံထားကာ ရိုက်ကူးထားသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။

ပါဝင်

ယင်းဇာတ်ကားတွင် အရေးကူးမား၊ ဒီပီကာပါဒူကုန်း(နှစ်ကိုယ်ခွဲ)၊ မီသွန်းချာကရာဘာတီ၊ ရန်ဗီယားရှီယိုရေး၊ ဂျော်ဒန်လူးနှင့်တရုတ်ရှောင်လင်သင်တန်းသားများ ပါဝင်ထားသည်။

ရှော့ရှိတဲ့အချစ်များ

ဒါရိုက်တာကိုဇော်(အရဏ်ဦး)၏ **ရှော့ရှိတဲ့အချစ်များ**ဇာတ်ကားမှာ ရွှေဗဟိုရုံ၊ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် ကိုရီးယားမင်းသားရိန်း၏ Ninja Assassin ဇာတ်ကားဆက်လက်ပြသနေပြီး မြို့မ တန်းမြင့်ရုံတွင် Dil Hai Tumhaara ဇာတ်ကားတစ်ကျော့ပြန်ရုံဝင်လာသည်။ ကုမ္ပဏီပိုင်ရှင်သားနှင့် ညီအစ်မနှစ်ဦးတို့၏ သုံးပွင့်ဆိုင်ချစ်ခြင်းမေတ္တာကို သရုပ်ဖော်ထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။ ဘုရင့်ရုံတွင် ခြိမ်းခြောက်ခြင်းအမည်ရ Blackmail ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင်အဂျေးဒေ့ဂန်၊ ဆူနီးလ် ရှက်တီးနှင့် ပရီရင်ကာချိုပ်ရာတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ (မြန်မာ့အလင်း)

အတိတ်၏အရိပ်မှ အောင်သူဇရှင့် အိန္ဒြာကျော်ဇင်။

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန
၁။	ဦးသန်းတင်၏ ရင်လူး၊ ဗိုက်လိမ်းအသွော်ထုတ်(ဆေးဝါမှုန့်)	အမှတ်(၄၄)၊ဈေးကြီးနှင့် ရှမ်းဈေး၊ ကျိုက်ထိုမြို့။
၂။	မြန်မာဆေးခါးကြီးဆီးချိုကျဆေး	အမှတ်(၁၀၈)၊ ဆေးရုံလမ်း၊ သထုံမြို့၊အုန်းတောလမ်းနှင့် ဘုရားလမ်းထောင့်၊ ဘားအံမြို့။
၃။	ရွှေကရင်၊ ရွှေဖားစည်၏ အကြောအဆစ်ဒဏ်ကြေလိမ်းဆေး	ဇေယျာမွန်ရပ်ကွက်၊ (c)လမ်း၊ ကျိုက်ထိုမြို့။
၄။	ဆရာဦးစန်းမြင့်အောင်၏ ရွှေဖားစည် တစောင်းလက်ပပ်ပျားရည် ချက်ဆေးကြီး	ဇေယျာမွန်ရပ်ကွက်၊ (c)လမ်း၊ ကျိုက်ထိုမြို့။
၅။	ဦးဘကြူး၏နာမည်ကျော် စက္ကူပါလမျက်စိကွင်းဆေး	မပါ။
၆။	သန်မြန်သူ ဦးသက်ဝေ၏ မူရင်းအာမခံဆေး အဆင့်မြင့် တောရိုင်းစပါးလင်ဆီ(ရှယ်) အထူးသီးသန့် အထူးထုတ်လိမ်းဆေးဆီ	ဆိုင်အမှတ်(၁)၊ ဘိုးဘိုးနီ နတ်နန်းအောက်၊ ထမင်းဆိုင်တန်းလမ်းမကြီး၊ ကျိုက်ထီးရိုး ဘုရားအနီး၊ကျိုက်ထိုမြို့။
၇။	ငေါ်ရခါးလေး၊ ငါးပိလက်လေးတစ်၊သွားကိုက်သွားနာ ပျောက်ဆေး	ရပ်ကွက်(၇)၊ သိမ်ဇရပ်။

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်ထားသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့သို့ သွားရောက်၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်နေမှု အခြေအနေနှင့် ဧရာဝတီတိုင်းအပါအဝင် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ ထုတ်ချေးထားသည့် အသေးစားချေးငွေ(Micro Credit)နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ အတွင်းရေးမှူး ဒေါ်နွယ်နွယ်ဦးက ဧရာဝတီတိုင်းအတွင်း လူကုန်ကူးခံရမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌတို့က ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ၂ရက်တွင် လပွတ္တာမြို့သို့ ရောက်ရှိကြပြီး အတိုးမဲ့ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် မုန်တိုင်းဒဏ်ခံခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုဝင် အမျိုးသမီးအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက အတိုးမဲ့ချေးငွေ ချေးယူထားသူများအနက် အမျိုးသမီး ၁၂ဦးတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်းနှင့် ပြင်စလူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၄င်းတို့၏ မြို့နယ်အလိုက် ထုတ်ချေးငွေနှင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
- ၇း၄၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၃၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၅၀ ၁၀။ **ကြိုဆိုလျက်ပါ**

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၂)
- ၁၂း၂၅ ၅။ Golf Magazine (TV)
- ၁၂း၄၅ ၆။ ဗီဒီယိုဇာတ်လမ်း **စိတ်ဓာတ်** နေတိုး၊ မင်းခ၊ မေကဗျာ၊ စောနန္ဒာထက် (ဒါရိုက်တာ-ဟိန်းဇော်)
- ၁၄း၁၅ ၇။ လက်ပံလှတံတား
- ၁၄း၄၀ ၈။ International News
- ၁၄း၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (မြန်မာစာဘာသာရပ်)
- ၅း၀၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ တစ်မျက်နှာ တစ်ကွက်စာ **မရှိမကောင်း၊ ရှိမကောင်း** ထွန်းထွန်းဝင်း၊ ခင်မို့မို့အေး ဒါရိုက်တာ-မေတင်(MMG)
- ၆း၄၀ ၁၀။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၂)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)
- ၁၄။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(ချင်းပြည်နယ်)
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောတောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၇)
- ၁၉။ ရုပ်သံကြိုငြာများ

ZAMIL STEEL နှင့် ဇေကမ္ဘာကုမ္ပဏီတို့ နည်းပညာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ZAMIL STEEL Buildings Vietnam Co., Ltd. နှင့် ဇေကမ္ဘာကုမ္ပဏီ လီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် Technical Seminar ကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီရုံးခန်း၌ ကျင်းပရာ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Zamil Steel Global Engineering မှ General Manager, Mr.Khaled Ezzat က Pre-Engineered Steel Buildings အကြောင်းနှင့် Open Web Steel Joists (OWSJ) အကြောင်းတို့ကိုလည်းကောင်း၊ Zamil Steel Global Engineering မှ Regional Manager, Mr. Dennis Leu က Zamil Steel နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **(အပေါ်ပုံ)**

တက်ရောက်ဆွေးနွေး

ဇေကမ္ဘာကုမ္ပဏီနှင့် Zamil Steel တို့ Buildership Contract ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးနှင့် နည်းပညာမြင့်မားသော သံထည်အဆောက်အအုံစက်ရုံများကို ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် စက်ရုံ၊ ရုံးနှင့် သံထည်အဆောက်အအုံ ဆောက်လုပ်လိုသူများအနေဖြင့် နိုင်ငံတကာနည်းပညာဖြင့် အဆင့်အတန်းမီ သံထည် အဆောက်အအုံများကို စိတ်ချယုံကြည်စွာဖြင့် လုပ်ငန်းအပ်နှံနိုင်မည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာဝန်တင်ရွှေ အငွေ့မအကြိမ် စာပေဆုရစာအုပ်များ ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကူညီကြီးကြပ်မှုဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုအငွေ့မအကြိမ်အဖြစ် ၂၀၀၈ခုနှစ်ထုတ် စာအုပ်များထဲမှ ရွေးချယ်၍ရရှိသော ဆုရစာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည် ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် တင်ရွှေစာပေတိုက်ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်တစ်ဦးအဖြစ်လည်း ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ထပ်မံကြေညာမည်

ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော ၂၀၀၈ခုနှစ် အတွင်းထုတ် စာအုပ်များအနက်မှ ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးကော်မတီမှ ဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များမှာ ဆရာမောင်ဆုရှင် ဘာသာပြန်ဆိုရေးသားပြီး ထွန်းဖောင်ဒေးရှင်းမှ ထုတ်ဝေသည့် အိမ်တွင်းသမားတော်စာအုပ်၊ ဆရာချစ်ဦးညိုရေးသားပြီး ပုဂံစာအုပ်တိုက်မှ ထုတ်ဝေသည့် စာပေဟောပြောပွဲ ဘက်ဂရောင်း (ဦး)အောင်သင်းပရိဖိုင်းနှင့် အခြားဂျာနယ်ဆောင်းပါးများ စာအုပ်နှင့် ဆရာဒေါက်တာအောင်ကြီးရေးသားပြီး ချိုတေးသံစာပေမှ ထုတ်ဝေသည့် သီချင်းလူ၊ ပုံပြင်လူ၊ ငြိမ်းချမ်းလူ စာအုပ်၊ ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ရေးသားပြီး အလင်းသစ်စာပေမှ ထုတ်ဝေသည့် မောင်ငယ်ငယ်က ခရေဦးနှင့် ရသစာတမ်းများ စာအုပ်တို့ ဖြစ်ကြသည်။

ကြေညာမည်

ဆုရွေးချယ်ကြောင်း အကြောင်းကြားသည့်စာကို ဆုရစာအုပ်ရေးသူများထံ တင်ရွှေစာပေက ဆက်လက် အကြောင်းကြားစာပေးပို့မည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်ရန် ဖုန်း-၀၁-၅၃၆၄၄၄၊ ၀၉-၅၁-၁၇၆၈၃တို့ ဖြစ်သည်။ အငွေ့မအကြိမ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မီးသုံးစွဲလျှင် သတိယှဉ်၊ အစဉ်သတိ အမြဲရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသသင်တန်းကျောင်းများ ညွှန်ကြားရေးမှူး ဦးအောင်ကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သည် ဇန်နဝါရီ ၁၅ရက်မှ ၂၁ရက်အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ၊လွယ်မွေ)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(မိုင်းလား)တို့သို့ သွားရောက်၍ သင်တန်းကျောင်း၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်တိုးတက်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အိပ်ဆောင်ခင်းကျင်းမှု၊ စားရိပ်သာချက်ပြုတ်ကျွေးမွေးမှု၊ ကျောင်းများအလိုက် ရာသီသီးနှံစိုက်ခင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးထားရှိမှု၊ သင်တန်းသား သင်တန်းသူများအား လက်တွေ့သင်ကြားပြသလုပ်ဆောင်မှုများနှင့် ကျိုင်းတုံအိမ်တွင်းမှု သင်တန်းကျောင်းမှ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၅)နှင့် အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅၃)တို့၌ တက်ရောက်သင်ကြားနေသော သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းသွေးလှူဒါန်း

ဇန်နဝါရီ ၃ရက်က နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ကျောင်းအုပ်ကြီး ဒေါက်တာချိုမင်းဟန်၊ ဒုတိယကျောင်းအုပ်၊ မော်ကွန်းထိန်းနှင့် ကျောင်းသား ကျောင်းသူ ၃၄ဦးတို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်တင်နှင့် (ခေတ္တတာဝန်ခံ) ဦးစီးအရာရှိ(တပ်ခွဲ) ဦးကျော်မြင့်တို့ လက်ခံယူစဉ်။

(ခရိုင် ပြန်/ဆက်)

မောက်မယ်မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

မောက်မယ် ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇန်နဝါရီ ၁၉ရက် နံနက် ၇နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းဝင်များ၊ ဆရာ ဆရာမများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။**(မြို့နယ် ပြန်/ ဆက်)**

သထုံမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ဇန်နဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်လမြိုင်မြို့အထွက် လမ်းဘေးဝဲယာချုံမြက်များ ရှင်းလင်းခြင်းကို ဒုတိယဦးစီးမှူး(သန့်)ဦးအုံးသန့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၄ရက်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် နေပြည်တော်တပ်ကုန်း တစ်မြို့နယ်လုံး၌ စတုတ္ထတန်းမှ အောင်မြင်ကြသော အထူးအောင် ၁၀ဦးအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်က အထက(၁) ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းဌေးအောင်က ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်ပေးစဉ်။

(ဝ၉၁)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့ကျန်းမာရေးနေ့ကို နှစ်စဉ်ဧပြီ ၇ရက်တွင် ကျင်းပမြဲဖြစ်ပြီး ယခုနှစ်တွင်လည်း ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် မဂ္ဂဇင်းကိုလည်း ထုတ်ဝေသွားမည်ဖြစ်ရာ မဂ္ဂဇင်းအတွက် ကာတွန်း၊ ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများကို မတ် ၁ရက် နောက်ဆုံးထား၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာနညွှန်ကြားရေးမှူး (ကျန်းမာရေးပညာ)ထံ လိပ်မူ၍ ရေးသားပေးပို့နိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယခုနှစ်ရွေးချယ်ထားသော ဆောင်ပုဒ်မှာ 1000 CITIES 1000 LIVES, Urban Health Matters ဖြစ်သည်။ မဂ္ဂဇင်းတွင် ရွေးချယ်မခံရသော စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁ရက်က ဦးကျော်လှ(သတင်းထောက်)၏ (၇၃)နှစ်ပြည့် မွေးနေ့ ကုသိုလ်အဖြစ် သမာဓိမိသားစုက တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့ အမျိုးသမီးကလေးများ ပရဟိတဂေဟာရှိ ကျောင်းသူ ၅၀ကျော်အား တစ်နေ့စာကျွေးမွေးပြီး ကျောင်းသုံး ဗလာစာအုပ်များနှင့် ဘောပင်များအတွက် ငွေကျပ် ၁၅၀၀၀၀ ဖိုး လှူဒါန်းရာ ဂေဟာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က အလှူရှင်မိသားစုသို့ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ဝ၅၂)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၁၉၈၁ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ်၁၆၄-၁၆၈ ဝါးတန်းလမ်း(အထက်)ရှိ Doreen Burger& Snacks ဆိုင်၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့်အလှူငွေများကို ဦးစိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀-၁၈၆၂၅၊ ဦးဇော်ဝင်းဦး ဖုန်း-၀၉-၅၀-၀၄၄၄၅၊ ဦးမြတ်ဇော် ဖုန်း-၀၉-၈၀-၂၂၁၁၁၊ ဦးကျော်ရှိန်သန်း ဖုန်း-၀၉-၅၁-၈၃၁၂၃၊ ကိုညွန့် ဖုန်း-၇၂၅၇၃၆၊ ဦးတင်ဝင်းထွန်း(မော်စီ) ဖုန်း-၀၉-၅၀-၁၄၂၈၈၊ ဦးဉာဏ်မင်းဒင် ဖုန်း-၀၉-၅၁-၈၂၆၆၉၊ ဦးမျိုးသန့် ဖုန်း-၀၉-၅၁-၄၁၄၈၀၊ ဦးသော်တာဆွေ ဖုန်း-၇၀၁၁၈၇၊ ဦးစောမြင့် ဖုန်း-၀၉-၅၁-၀၇၉၃၀၊ ဦးမျိုးမြင့်ဦး ဖုန်း-၀၆၇-၄၁၁၀၀၉၊ ဦးကျော်ဝဏ္ဏ ဖုန်း-၀၉-၅၀-၄၂၁၈၆နှင့် ဦးဝင်းမောင် ဖုန်း-၀၉-၅၁-၇၃၀၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ယာဉ်အန္တရာယ် ကင်းရှင်းရေး မန္တလေးတိုင်း၌ ပညာပေးဟောပြော

မန္တလေး ဖေဖော်ဝါရီ ၈

ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ရက်က မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော်မတီဝင်(၁) ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးစိုးမြင့်(**အပေါ်ပုံ**)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များကို ဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

ဟောပြော

ဆက်လက်၍ မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ပြုံးချိုကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လိုက်နာရန်နှင့် ရှောင်ရန်အကြောင်း သိကောင်းစရာများ ဟောပြောသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ အမှတ်(၁)၊(၂)၊(၃)ကားပြာ မော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ **(ဝ၉၀)**

နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲ မြို့ကြီးသုံးမြို့တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

Concordia Int'l Co.,Ltd. မှ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့ရှိ Concordia Show Room များ၌ ဖေဖော်ဝါရီ ၁၆ရက်မှ ၁၉ရက် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ Fuji Xerox အမှတ်တံဆိပ် Colour Laser Printer၊ Copier၊ Toner Cartridge များ၊ Digital Camera ပါဝင်သော နောက်ဆုံးပေါ်နည်းပညာ Garmin အမှတ်တံဆိပ် Oregon GPS များ၊ ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ်၊ မြေတိုင်းပစ္စည်းများဖြစ်သော Auto Level၊ Digital Theodolite၊ Electronic Total Station များ၊ အင်္ဂလန်နိုင်ငံထုတ် ELE အမှတ်တံဆိပ် ကွန်ကရစ်၊ ကတ္တရာနှင့် မြေစမ်းသပ်မှုပစ္စည်းများ၊ Ohaus အမှတ်တံဆိပ် Digital ချိန်ခွင်များနှင့် ဆေးရုံဆေးခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သော DC-7 Ultrasound, DP-1100 Plus Portable Ultrasound, နှလုံးတိုင်းစက်၊ ဓာတ်ခွဲခန်းသုံး ဓာတ်ခွဲစက် Oxygen ပမာဏ တိုင်းစက်၊ ဂျာမနီနိုင်ငံလုပ် သွေးပေါင်ချိန်တိုင်းကိရိယာနှင့် သွေးချိုတိုင်းစက်၊ New Zealand ထုတ် Complan ဖြည့်စွက်အာဟာရမှုန့်များကို အထူးနှုန်းဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အထူးအစီအစဉ်ဖြင့် Fuji Xerox အမှတ်တံဆိပ် Colour Laser Printer Copier သုံးစွဲသူများနှင့် ဝယ်ယူရန်ပြင်ဆင်နေသူများ၊ DTP ဆိုင်များ၊ ကာလာဖြင့် Presentation ပြုလုပ်ချင်သူများ၊ Offset အစားထိုးသုံးစွဲရန်ပြင်ဆင်နေသူများ၊ ရုံးလုပ်ငန်းအတွက် Colour စာရွက်ဖြင့် အသုံးပြုချင်သူများနှင့် ပြပွဲလာရောက်ကြည့်ရှုသူများကိုလည်း နည်းပညာနှင့်ပတ်သက်သော Colour Theory အကြောင်း ရှင်းလင်းတင်ပြခြင်း၊ အသုံးပြုပုံကို လက်တွေ့ပြသခြင်း၊ တစ်မျက်နှာကုန်ကျစရိတ်များ အသေးစိတ်တွက်ချက်ပုံများကို Fuji Xerox မှ ကျွမ်းကျင်ဝန်ထမ်းများက ပြုလုပ်ပေးသွားမည့်အပြင် Lastet Technology များ လေ့လာနိုင်ခြင်း၊ Colour Laser Printer Copier များကိုလည်း စိတ်ကြိုက်စမ်းသပ် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀-၀၅၉၁ (ဖက်စ်) ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံ မြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊၀၉-၅၀-၆၇၁၇၂၊ နေပြည်တော်တွင် အမှတ် ၁၁၄ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်က လူထုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပရာ ခုတင် (၁၀၀)ဆံ့ ဆေးရုံအုပ်ဒေါက်တာမျိုးသန့်က အရန်သားဖွား ဆရာမသင်တန်း ဖွင့်လှစ်ရခြင်းနှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားစဉ်။ (၁၄၂)

ရှေးဦးသူနာပြု(ကြက်ခြေနီ)သင်တန်းဖွင့်

လင်းခေး ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ခြေနီ ရှေးဦးသူနာပြုစုနည်း သင်တန်း (၁/၂၀၀၉)ကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက ပင်ဝေါင်အလယ်တန်းကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြား၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူးသိန်းညွန့်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအကြောင်း တာဝန်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ဒေါက်တာဇော်အောင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားမှုများရှိနေ

ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းမှ စတင်၍ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်တို့၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားသူများ တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါဖြစ်ပွားသူများအား ထိရောက်သောကုသမှုများပေးခြင်း၊ ရောဂါပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ သီရိမင်္ဂလာခုံးကျော်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (ဆောက်လုပ်ရေး)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ (၂၃၆)စင်းမြောက် သီရိမင်္ဂလာခုံးကျော်တံတားဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

သတင်းခရီးသည် ကျော်စိန်နှင့် ဓာတ်ပုံမှတ်တမ်း အောင်သန်း (မင်္ဂလာတောင်ညွန့်) တို့၏ သတင်းဆောင်းပါးကို စာမျက်နှာ ၉ တွင် ဖတ်ရှုနိုင်ပါသည်။